ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 9 January 2019 ၉၅၂၆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဂွေဇ-ဆန်းလွတ်ချက် တောင်ထိပ်လမ်းပိုင်း ဖွင့်ပွဲတက်ရောက်

# နောင်မွန်၊ မချမ်းဘော့နှင့် ပူတာအိုဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ မလိခကြိုးတံတား(မချမ်းဘော့)ပေါ်မှ ဖြတ်သန်းကြည့်ရှုလေ့လာကြစဉ်။

**ပူတာအို ဇန်နဝါရီ ၈**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူနှင့် ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ကချင်ပြည်နယ် ပူတာအိုမြို့သို့ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးခန်လင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများက ပူတာအိုလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် မလိခလော့ဒ်ဟိုတယ်သို့ရောက်ရှိကြပြီး ဟိုတယ်ခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က မဂွေဇ-ငဲ့လုံဒမ်-ရီဒမ်း-ခေါင်လန်ဖူး (၆၅ မိုင် ၄ ဖာလုံ) လမ်းဖောက်လုပ်မှု အခြေအနေ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

KBZ BANK
(6) CONSECUTIVE YEARS
'BANK OF THE YEAR IN MYANMAR 2018'
Awarded by Financial Times (The Banker)

ကြေးမုံ

# ပြည်ထောင်စုကို အသက်ပေးကာကွယ်စောင့်ရှောက်

ပြည်ထောင်စုနိုင်ငံဖြစ်သော မြန်မာနိုင်ငံတော်ကြီး နှစ်ပေါင်းရှည်ကြာ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် အထူးအရေးကြီးသည့် အချက်များဖြစ်သည်။ ယင်းအချက်များ ပျက်စီးသွားပါက ပြည်ထောင်စုနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးသွားနိုင်သဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ "နိုင်ငံတော်သီချင်း"တွင် ပါဝင်သည့် ဒို့ဘိုးဘွား အမွေစစ်မို့ ချစ်မြတ်နိုး၊ ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ကာကွယ် ဟူသောစာသားသည် ဘိုးဘွားအမွေအစစ်ဖြစ်သည့် ပြည်ထောင်စုကြီးကို ပြည်ထောင်စုသားအားလုံးက အသက်ပေးကာကွယ်စောင့်ရှောက်ကြမည်ဟု သန္နိဋ္ဌာန်ပြုထားခြင်းဖြစ်သည်။ ထိုစိတ်ဖြင့်ပင် ပြည်ထောင်စုကြီးကို မပြိုကွဲအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည်မှာ နှစ်ပေါင်းထောင်ချီရှိပြီ။ သို့သော် ရံဖန်ရံခါတွင် ပြည်ထောင်စုကြီးကို ဖြိုဖျက်လိုသူတို့၏ အန္တရာယ်နှင့် ကြုံတွေ့ဖူးသည်။ ထိုအခါ ပြည်ထောင်စုကို အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် သမိုင်းကြောင်းတစ်လျှောက်တွင် ပြည်ထောင်စုကို ဖြိုဖျက်မည့် အန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသည်။ ပြည်ထောင်စုကို ချစ်မြတ်နိုးသည့် နိုင်ငံသားများက ဇွဲ၊ သတ္တိ အားမာန်များဖြင့်၊ ရှိသမျှအင်အားဖြင့် စုပေါင်းကာကွယ်ခဲ့ကြသည်။ မကြာသေးမီနှစ်များက ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်၏ ဒေသအချို့ကို ဖျက်ဆီးမည့်အန္တရာယ်များနှင့် ကြုံတွေ့ခဲ့သည်။ ပြည်ထောင်စုကို ချစ်မြတ်နိုးသည့် နိုင်ငံသားများက ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

ယခုတစ်ဖန် ဇန်နဝါရီလ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုကို ဖျက်ဆီးမည့် အန္တရာယ်နှင့် ထပ်မံကြုံတွေ့ရပြန်သည်။ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ဒေသလုံခြုံရေးတာဝန်ကို ထမ်းဆောင်နေသော ရဲကင်းစခန်း လေးခုကို AA သောင်းကျန်းသူအဖွဲ့က အင်အားအလုံးအရင်းဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ရာ မြန်မာနိုင်ငံတိုင်းရင်းသား ရဲတပ်ဖွဲ့ဝင် ၁၃ ဦးကျဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များသည် အသက်ပေး၍ ခုခံကာကွယ်ခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များသည် အကူအညီမရောက်ရှိမီ ရှိသည့် လက်နက်၊ ရှိသည့်အင်အားဖြင့် ကြံ့ကြံ့ခံကာ စနစ်တကျ ခုခံကာကွယ်တိုက်ခိုက်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များသည် ဒေသအခြေအနေကို ပိုမိုရှုပ်ထွေးစေပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ထိခိုက်စေသည်။ ရခိုင်ပြည်နယ်အတွင်း မတည်မငြိမ်ဖြစ်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှုများသည် ပြည်နယ်ကို ယိုယွင်းအောင် လုပ်ဆောင်ခြင်းဖြစ်သလို ပြည်ထောင်စု၏ အစိတ်အပိုင်းတစ်ခုကို ဖျက်ဆီးရာလည်း ရောက်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရသည့်နေ့ အခါသမယတွင် အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ပြည်ထောင်စုကို ထိပါးခြင်းပင်ဖြစ်သည်။ ပြည်ထောင်စုကို မထိပါးအောင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ရှုပ်ရှုပ်ချွံချွံ ထမ်းဆောင်ခဲ့သော ရဲတပ်ဖွဲ့ဝင်များသည် လေးစားဂုဏ်ပြုထိုက်သည့် နိုင်ငံတော်ကို အသက်ပေးကာကွယ်စောင့်ရှောက်သူများဖြစ်သည်။ ဘိုးဘွားအမွေအစစ်ဖြစ်သည့် ပြည်ထောင်စုကြီး၏ မည်သည့်အစိတ်အပိုင်းမဆို မပြိုကွဲ၊ မပျက်စီးအောင် ကာကွယ်စောင့်ရှောက်ရမည်မှာ ပြည်ထောင်စုသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ သို့မှသာ ပြည်ထောင်စုကြီး မပြိုမကွဲ တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံအသက်ပေး၍ ထမ်းဆောင်ခဲ့ကြသူများအား နိုင်ငံတော်အစိုးရကိုယ်စား၊ ပြည်သူများကိုယ်စား ဂုဏ်ပြုရမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုသားအားလုံးကလည်း ကျရာကဏ္ဍမှ ပါဝင်ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် မိသားစုအခြေပြု ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ သင်တန်းပေး

**ရန်ကုန် ဇန်နဝါရီ ၈**

လူမှုဝန်ထမ်းဦးစီးဌာန Teree des homes Lausanne အဖွဲ့နှင့် UNICEF တို့ ပူးပေါင်း၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် မိသားစုအခြေပြု အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ရပ်ရွာပံ့ပိုးမှုအဖွဲ့ သင်တန်းပေးခြင်းကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် Tdh-L အဖွဲ့ခေါင်းဆောင် ဒေါ်သန္တာအောင်က "ဒီနေ့သင်တန်းက ရပ်ရွာပံ့ပိုးမှုအဖွဲ့ဝင်များနဲ့ စည်းရုံးလှုံ့ဆော်သူ စေတနာ့ဝန်ထမ်းများကို ကလေးသူငယ်များအတွက် အကာအကွယ်ပေးရေးနဲ့ ပတ်သက်ပြီး အသိပညာများကို မြှင့်တင်ပေးခြင်းဖြစ်ပါတယ်။ သင်တန်းက ရရှိတဲ့ သတင်းအချက်အလက်များကို ရပ်ရွာအတွင်း ပြန်လည်ဖြန့်ဝေနိုင်ရန်၊ ကလေးသူငယ်ဆိုင်ရာ အခြားသောနည်းဖြင့် ပြုစုစောင့်ရှောက်မှု နည်းလမ်းများကို ဖော်ဆောင်ရာမှာ အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်နိုင်ရန်နှင့် ကလေးသူငယ်ဖြစ်ရပ် ပေါ်ပေါက်လာရင် ဖြစ်ရပ်စီမံခန့်ခွဲသူများသို့ ညွှန်ပို့ချိတ်ဆက် ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ရပ်ကွက်၊ ကျေးရွာများရှိ သင်တန်းသား သင်တန်းသူ ၃၀ တို့ကို လေးရက်ကြာ သင်တန်းပေးသွားမည်ဖြစ်ပြီး ကလေးသူငယ်အခွင့်အရေးများ၊ ဘေးကင်းလုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ မိသားစု၏ အရေးပါပုံနှင့် မိသားစုစည်းလုံးခိုင်မာရေး၊ ကလေးသူငယ်များအား ရပ်ရွာပတ်ဝန်းကျင်တွင် အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း၊ လူထုဖွံ့ဖြိုးရေးဖြစ်စဉ်နှင့် ကလေးသူငယ်ဥပဒေနှင့် ဖြစ်ရပ်စီမံခန့်ခွဲခြင်း စသည့် ခေါင်းစဉ်များဖြင့် သင်တန်းဆရာ ဆရာမများက သင်ကြားဆွေးနွေးသွားမည်ဖြစ်သည်။

ဒလမြို့နယ်အတွင်း ပြုစုစောင့်ရှောက်ရန်နှင့် အကာအကွယ်ပေးရန် လိုအပ်သည့် ကလေးသူငယ် ခုနစ်ဦးရှိကြောင်း၊ နှစ်ဦးအား မိသားစုနှင့် ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့ပြီး ငါးဦးအား မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်ပေးလျက်ရှိရာ Tdh-L အဖွဲ့ အနေဖြင့် လစဉ်ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း အဖွဲ့ခေါင်းဆောင် ဒေါ်သန္တာအောင်က ပြောကြားသည်။

**နိုင်လင်းကျော်(ဒလ)**

## ကိုယ်ထူကိုယ်ထ မီးလင်းရေးဖွင့်ပွဲ ကျိုက်မရောတွင် ကျင်းပ

**ကျိုက်မရော ဇန်နဝါရီ ၈**

ကျေးရွာပြည်သူလူထုများ၏ စုပေါင်းစွမ်းအားဖြင့် ကျိုက်မရောမြို့နယ် ကော့ဘီးကျေးရွာအုပ်စု ကော့ဝမ်းကျေးရွာ ကိုယ်ထူကိုယ်ထမီးလင်းရေးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကော့ဝမ်းကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏကျော်က ၂၁ ရာစုတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်မီးလင်းရေးသည် အဓိကကျကြောင်း၊ မီးလင်းမှ မိမိတို့ရပ်ရွာ ဖွံ့ဖြိုးမည်ဖြစ်ကြောင်း၊ ယခုလို ကျေးရွာမီးလင်းရေးကို စုပေါင်းလုပ်ဆောင်ကြသဖြင့် ဝမ်းသာဂုဏ်ယူကြောင်း ပြောကြားပြီး မီးလင်းရေးမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကျေးရွာမီးလင်းရေးကော်မတီကိုယ်စား လူငယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားတွင် မွန်ရိုးရာအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲ မြဝတီ၌ ကျင်းပ

**မြဝတီ ဇန်နဝါရီ ၈**

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနတွင် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မူကြိုအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သိန်းသန်းဌေးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ ပြိုင်ပွဲကို မြဝတီမြို့နယ်အတွင်းမှ မူကြိုကျောင်း ရှစ်ကျောင်းမှ ကလေးငယ် ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား အလှူရှင် ဦးမျိုးအောင်၊ ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သိန်းသန်းဌေး၊ မေတ္တာရင်ခွင်မူကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်တို့က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**




MYANMAR Digital News
Presented by NPE
www.mdn.gov.mm



မူးယစ်ကင်းစင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး


## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၈**

ရန်ကုန်(ရွှေဈေး) ၁၀၄၆၀၀၀ - ၁၀၄၆၀၀၀ မန္တလေး(ရွှေဈေး) ၁၀၄၆၀၀၀ - ၁၀၄၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၆၀/၈၉၀ ကျပ် | ၈၈၅/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၅/၇၈၅ ကျပ် | ၈၂၀/၈၂၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၇၀/၇၀၀ ကျပ် | ၇၃၀/၇၄၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၀/၉၀၀ ကျပ် | ၈၉၅/၉၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၀၅/၈၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၁၀/၈၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၂/၆၇၈ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၆၂. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၄. ၃၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈. ၀၇၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၃. ၇၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂. ၀၁၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၅. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၇. ၃၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၇. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၃. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၁၀၊ ကြော်ငြာ ၀၁-၃၉၇၃၁၀၊ ဖက်စ် ၀၁-၂၉၉၄၂၇



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်တို့က မင္ဂဇ-ဆန်းလွတ်ချက်တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ) လမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

☆ ရှေ့ဖုံးမှ

အခြေအနေ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်က မင္ဂဇ-ခေါင်လန်ဖူး လမ်းဖောက်လုပ်မှု အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ပုံစံငယ်ကြည့်ရှု

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မင္ဂဇ-ငါ့လုံဒမ်-ရီဒမ်း-ခေါင်လန်ဖူး (၆၅ မိုင် ၄ ဖာလုံ) လမ်းဖောက်လုပ်မှုပုံစံငယ်ကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ တပ်မတော်ရဟတ်ယာဉ်များဖြင့် နောင်မွန်မြို့နယ် မင္ဂဇယာယီမဏ္ဍပ်သို့ရောက်ရှိကြပြီး မင္ဂဇ-ဆန်းလွတ်ချက်တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ) လမ်းပိုင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ယခု ဒီကိုရောက်လာပြီးတော့ လမ်းဖွင့်ပွဲမှာ ပါဝင်တက်ရောက်နိုင်တဲ့အတွက် အင်မတန်မှဝမ်းသာပါတယ်။ အထူးသဖြင့် ကျွန်မတို့ရဲ့ ဒေသခံပြည်ထောင်စုနိုင်ငံသူ နိုင်ငံသားများနဲ့တွေ့ရတဲ့အတွက် အင်မတန်မှဝမ်းသာပါတယ်။ ဒီလိုနေရာကို လာဖို့ဆိုတာ မလွယ်ပါဘူး။ လာတဲ့အခါမှာလည်း ကျွန်မတို့ပိုပြီးတော့ အချင်းချင်းနီးစပ်သွားတယ်လို့ ခံစားရပါတယ်။ ဒီလိုလမ်းတွေ ဖောက်တယ်ဆိုတာ အဓိကအားဖြင့် ကျွန်မတို့ ဒေသဖွံ့ဖြိုးရေးအတွက်လည်းဖြစ်တယ်။ ဒါပေမယ့် ပိုပြီးတော့အရေးကြီးတာက ကျွန်မတို့ ပြည်ထောင်စုတိုင်းရင်းသားများအားလုံးကြားထဲမှာ နီးစပ်လာအောင် လုပ်တာဖြစ်ပါတယ်။ လမ်းမဖောက်ဘဲနဲ့ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှုရှိဖို့ဆိုတာ မလွယ်ပါဘူး။ လမ်းဖောက်လိုက်တယ်ဆိုတာနဲ့ပဲ ထိတွေ့မှုတံတားကြီးတစ်ခု ဆောက်လိုက်သလိုပါပဲ။ လမ်းတွေ၊ တံတားတွေဖောက်တယ်ဆိုတဲ့ အဓိကရည်ရွယ်ချက်က ဒါပဲဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုဆိုတာလည်း နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးပေမယ့် ပိုပြီးတော့ အရေးကြီးတာက ညီညွတ်မှုအင်အားပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို လမ်းဖောက်တဲ့အခါမှာ လမ်းဖောက်ဖြစ်အောင်လို့ လုပ်ပေးတဲ့ကျွန်မတို့ရဲ့ အလုပ်သမားတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

> ❛ ဒီဖွံ့ဖြိုးရေးအစီအစဉ်တွေဟာ ကျွန်မတို့ရဲ့တိုင်းရင်းသားများအားလုံး စိတ်ပိုင်းဆိုင်ရာအရ၊ ရုပ်ပိုင်းဆိုင်ရာအရ ဖွံ့ဖြိုးတိုးတက်ဖို့ပဲဖြစ်ပါတယ်။ အားလုံးကို ကျွန်မတို့ကတော့ တစုတစည်းတည်း တစ်ပြေးညီပဲ ဖြစ်ချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အားလုံး တစ်ပြေးညီ ဖြစ်တယ်ဆိုတာဟာလည်း နိုင်ငံ့ရဲ့ ဂုဏ်သိက္ခာပါပဲ။ ❜

### ဒေသမရွေးအားလုံးပါဝင်ဆောင်ရွက်

"ဒီမှာဆိုရင် တစ်နိုင်ငံလုံးက အလုပ်သမားတွေ ရောက်နေတယ်လို့ ကျွန်မ နားလည်ပါတယ်။ ဒီအဓိပ္ပာယ်ကတော့ ကျွန်မတို့နိုင်ငံကိုတည်ထောင်ဖို့ဆိုတာ တစ်နိုင်ငံလုံး ဒေသမရွေးအားလုံးပါဝင်ပြီးတော့ ဆောင်ရွက်မှ အောင်မြင်နိုင်မယ်ဆိုတာကို ပြတာပဲဖြစ်ပါတယ်။ အခုဒီလို လမ်းဖောက်တဲ့အချိန်မှာ ဘာတွေကို သင်ခန်းစာယူရမလဲဆိုတော့ ဒီလမ်းဟာ အင်မတန်မှ ခက်ခဲပါတယ်။ ဘယ်လိုပဲ ခက်ခဲခက်ခဲ တကယ်ဆန္ဒရှိတယ်၊ တကယ်ပဲလုံ့လ၊ ဝီရိယနဲ့စုပေါင်းပြီးတော့ လုပ်သွားမယ်ဆိုရင် မကျော်လွှားနိုင်တဲ့ အခက်အခဲ ဘာမှမရှိပါဘူး။ ဒါကြောင့် ကျွန်မတို့ ဒီဟာတွေကို အဓိကထားပြီးတော့ လုပ်စေချင်ပါတယ်။

"ဒါပေမယ့် ကျွန်မ ဒီမှာလာတဲ့အခါ နည်းနည်းသတိထားမိတာက ကျွန်မတို့ တိုင်းရင်းသားတွေက နည်းနည်းသေးတယ်။ အဲဒီတော့ အာဟာရပြည့်ပြည့်ဝဝနဲ့ ပိုပြီးတော့ စားဖို့လိုလိမ့်မယ်ထင်တယ်။ ဒီလိုလမ်းဖောက်လိုက်ခြင်းအားဖြင့်လည်း ပိုပြီးတော့ အာဟာရပြည့်ဝတဲ့ အစားအစာတွေလည်း သယ်ယူဖို့ လွယ်ကူလာလိမ့်မယ်လို့ ကျွန်မတို့ထင်မိပါတယ်။ လူငယ်တွေပိုပြီး ကြီးထွားလာနိုင်အောင်လို့ အားလုံးပူးပေါင်းဆောင်ရွက်ရမယ်။ လမ်းဖောက်ပြီးရင် ဖွံ့ဖြိုးရေးအစီအစဉ်တွေကို ထိထိရောက်ရောက် လုပ်နိုင်မယ့် အခွင့်အရေးတွေ ကျွန်မတို့ရလာမှာဖြစ်ပါတယ်။

### နိုင်ငံရဲ့ဂုဏ်သိက္ခာ

"ဒီဖွံ့ဖြိုးရေးအစီအစဉ်တွေဟာ ကျွန်မတို့ရဲ့တိုင်းရင်းသားများအားလုံး စိတ်ပိုင်းဆိုင်ရာအရ၊ ရုပ်ပိုင်းဆိုင်ရာအရ ဖွံ့ဖြိုးတိုးတက်ဖို့ပဲဖြစ်ပါတယ်။ အားလုံးကို ကျွန်မတို့ကတော့ တစုတစည်းတည်း တစ်ပြေးညီပဲဖြစ်ချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အားလုံးတစ်ပြေးညီဖြစ်တယ်ဆိုတာဟာလည်း နိုင်ငံ့ရဲ့ဂုဏ်သိက္ခာပါပဲ။ နိုင်ငံတစ်နိုင်ငံမှာ ဆင်းရဲချမ်းသာ သိပ်ပြီးတော့ ကွာဟမှုရှိတယ်ဆိုတာ နိုင်ငံအတွက် ကောင်းတာမဟုတ်ပါဘူး။ ဒီလိုကွာဟမှုတွေဆိုတာကလည်း ဒေသရဲ့လမ်းပန်းဆက်သွယ်ရေး အခက်အခဲနဲ့လည်းဆိုင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုရှိတဲ့အခါ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေလုပ်ဖို့ဟာကလည်း ခက်ခဲလာပါတယ်။ ဒါကြောင့် ကျွန်မတို့ လမ်းဖောက်တဲ့အလုပ်ဟာ အင်မတန်မှ မွန်မြတ်တဲ့အလုပ်လို့ ကျွန်မအနေနဲ့ ခံယူချင်ပါတယ်။

"တစ်နိုင်ငံလုံးသွားခဲ့တဲ့အခါမှာ လမ်းတွေဖောက်နေတဲ့ လမ်းလုပ်သားတွေ နေရာတိုင်းမှာတွေ့ခဲ့ရတယ်။ ဒါပေမယ့် လမ်းလုပ်သားတွေက ဒေသခံတွေတင် မဟုတ်ပါဘူး။ တချို့ဆိုရင် အင်မတန်မှဝေးတဲ့ တိုင်းတွေကနေလာရောက်ပြီးတော့ အလုပ်လုပ်နေတာတွေ ကျွန်မတွေ့ရပါတယ်။ ဥပမာ ကချင်ပြည်နယ်မှာဆိုရင် ဖေ့ဖေ့ရဲ့ဇာတိဖြစ်တဲ့ မကွေးတိုင်းဒေသကြီးက အလုပ်သမားတွေကိုလည်း ကျွန်မတို့ ခဏခဏတွေ့ရပါတယ်။ လမ်းလုပ်သားတွေ ရှမ်းပြည်နယ်မှာလည်းတွေ့ရတယ်။ ကရင်ပြည်နယ်မှာလည်း တွေ့ရတယ်။ တစ်တိုင်းပြည်လုံးမှာ ကျွန်မတို့ တိုင်းရင်းသူ တိုင်းရင်းသားများဟာ ဖြန့်ပြီးတော့၊ တတ်နိုင်တဲ့ဘက်ကနေပြီးတော့၊ ရတဲ့ဘက်ကနေပြီးတော့ လုပ်နေတယ်ဆိုတာ မြင်ရတဲ့အခါ အင်မတန်မှအားတက်ရပါတယ်။ ဒါကြောင့်မို့လို့ အခုလိုအချိန်မှာဆိုရင် ဒီလိုစုဝေးနိုင်တာကိုလည်း အားလည်းရတယ်။ လာရောက်တဲ့သူတွေကိုလည်း ကျေးဇူးတင်တယ်။ ဒီလောက်တောင် စုဝေးနိုင်မယ်လို့လည်း မမျှော်လင့်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သွားလာရတာ အခုထက်ထိတော့ ခက်ခဲသေးတယ်ဆိုတာ သိပါတယ်။ ဒါပေမယ့်လည်း အခုမော်တော်ဆိုင်ကယ်က ပေါက်နေပြီးတော့ နေရာတော်တော်များများမှာ အရင်ကထက်စာရင် အင်မတန်မှ လွယ်သွားပြီဆိုတာကို ကျွန်မတို့ အခုမြင်နေရပြီဖြစ်တယ်။ ဒီလို လွယ်သွားတာကြောင့်မို့လို့လည်း တစ်ယောက်နဲ့တစ်ယောက် ပိုပြီးသိကျွမ်းဖို့၊ တစ်ယောက်နဲ့တစ်ယောက် ပိုပြီးနားလည်မှုယူဖို့၊ တစ်ယောက်နဲ့တစ်ယောက် ပိုပြီးကူညီဖို့ ပေါ်ပေါက်လာတဲ့အခွင့်အရေးတွေကိုလည်း သုံးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

စာမျက်နှာ ၄ သို့



### ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်လန်ဖူးမြို့၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ကြေးမုံ
ဇန်နဝါရီ ၉၊ ၂၀၁၉





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဝွေဇ-ဆန်းလွတ်ချက်တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ)လမ်းပိုင်း လမ်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ ခေါင်လန်ဖူးမြို့မှ ဒေသခံတိုင်းရင်းသားများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

> "နောင်လာနောက်သားများအတွက် ပေးကမ်းနိုင်တဲ့၊ ထားပစ်ခဲ့နိုင်တဲ့ အကောင်းဆုံးအမွေအနှစ်ကတော့ မှန်ကန်တဲ့စိတ်ထားတွေပဲဖြစ်ပါတယ်။ အဲဒါကတော့ လူတိုင်းလူတိုင်း လုပ်နိုင်တယ်။ ပိုက်ဆံမရှိတဲ့သူလည်း လုပ်နိုင်တယ်။ ရာထူးမရှိတဲ့သူလည်း လုပ်နိုင်တယ်။"

❍ စာမျက်နှာ ၃ မှ

"ကိုယ့်ကိုယ်ကိုယ်ကို အားဖြည့်တာဆိုတာဟာ ကိုယ့်ပတ်ဝန်းကျင်ကို အားဖြည့်ပေးရဲမှုဖြစ်နိုင်မှာပါ။ ဘယ်သူမှ တစ်ယောက်တည်း ရှင်သန်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဒေသတစ်ခုဖွံ့ဖြိုးသွားပြီဆိုရင် အဝေးက ဒေသတွေကိုလည်း ပိုပြီးတော့ဖွံ့ဖြိုးပေးဖို့ ကျွန်မတို့မှာ ကူညီနိုင်တဲ့ အခွင့်အရေးတွေရှိသလို အခွင့်အရေးပေးဖို့လည်း တာဝန်ရှိတယ်လို့ ကျွန်မအနေနဲ့ သဘောထားစေချင်ပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားများအားလုံးဟာ ကိုယ့်ရဲ့အခွင့်အရေးတွေကို ကာကွယ်ရမယ်။ စောင့်ရှောက်ရမယ်။ ဒါပေမယ့် ကိုယ့်ရဲ့တာဝန်တွေကိုလည်း ကျေပွန်အောင် ထမ်းဆောင်ရမယ်။ တစ်ဖက်သတ်ပဲကြည့်လို့မရပါဘူး။ ထိုနည်းလည်းကောင်းပဲ အစိုးရများဆိုတာလည်း ပြည်သူလူထုရဲ့အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်တွေရှိတဲ့နည်းတူ ပြည်သူလူထုကနေပြီးတော့ ယုံယုံကြည်ကြည်နဲ့ ပေးအပ်ထားတဲ့ တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ဖို့လည်း အရေးကြီးပါတယ်။ အဲဒီလိုစုပေါင်းပြီးတော့ တာဝန်သိစိတ်နဲ့လုပ်မှ ဒီနိုင်ငံဟာ တိုးတက်မှာပါ။ ရဟတ်ယာဉ်နဲ့ကြည့်လိုက်တဲ့အခါ ကျွန်မတို့ရဲ့ ကချင်ပြည်နယ်မှာ တောကြီးတွေဟာ အခုထက်ထိထူထပ်စွာနဲ့ ဟိုးပဝေသဏီကတည်းက တည်ရှိခဲ့ပြီးတော့ မပျက်မစီးမြင်ရတဲ့အခါ အင်မတန်မှ အားတက်တယ်။ တစ်ဖက်ကနေ စဉ်းစားလိုက်ရင် ကျွန်မတို့နိုင်ငံ ဘယ်လောက်လှပလဲ။ ကျွန်မတို့နိုင်ငံက ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာကိုလည်း ကျွန်မစိတ်ထဲမှာ ခံစားရတယ်။ ဒီလိုတန်ဖိုးရှိတဲ့၊ လှပတဲ့ နိုင်ငံတစ်ခုကို ကာကွယ်စောင့်ရှောက်ဖို့ဆိုတာ တစ်ဦးချင်းတစ်ဦးချင်းမှာ တာဝန်ရှိတယ်။ စောင့်ရှောက်ချင်တဲ့စိတ်ဓာတ်လည်းရှိရမယ်။ တန်ဖိုးထားတတ်တဲ့ သဘောထားလည်း ရှိရမယ်။ နေ့တိုင်းမြင်နေရလို့ ကိုယ့်ပတ်ဝန်းကျင်ကို အလေးမထားတဲ့ အခြေအနေမဖြစ်သွားပါစေနဲ့။ နေ့တိုင်းနေ့တိုင်း ဒီလိုပတ်ဝန်းကျင်မှာ နေနိုင်တာဟာ ကိုယ့်ရဲ့ကံကောင်းတယ်၊ ကံထူးတယ်လို့ စိတ်ထဲမှာမှတ်စေချင်တယ်။ မှန်ပါတယ် ဒီလိုနေရာမျိုးဟာ ခက်ခဲတဲ့ဟာတွေ အများကြီးရှိပါတယ်။ ခက်ခက်ခဲခဲလာရတယ်။ သွားရတယ်။ စားဝတ်နေရေးအတွက် ရုန်းကန်ရတယ်။ ဒါပေမယ့် ဒီလိုခက်ခက်ခဲခဲ လုပ်ခြင်းအားဖြင့် ကိုယ့်ရဲ့အင်အားတွေကို တက်လာအောင် လုပ်နိုင်ပါတယ်။

"ဒါကြောင့် ကျွန်မတို့ရဲ့နိုင်ငံ၊ အင်မတန်မှလှပတဲ့ သဘာဝကနေ ပေးအပ်ထားတဲ့ နိုင်ငံကြီးကို ထိန်းသိမ်းဖို့ အင်မတန်အရေးကြီးပါတယ်။ ဖွံ့ဖြိုးမှုရောက်လာပြီဆိုရင် တစ်ခါတလေ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေ ဖြစ်တတ်ပါတယ်။ ကျွန်မတို့ကစပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ကတည်းက သဘာဝပတ်ဝန်းကျင် မပျက်စီးအောင်လို့လည်း စိတ်ထဲမှာ စွဲစွဲမြဲမြဲမှတ်ထားစေချင်ပါတယ်။ ကိုယ့်ရဲ့သားသမီးတွေ၊ ကလေးတွေကိုလည်း ကိုယ့်ပတ်ဝန်းကျင်ရဲ့လှပမှုကို နားလည်အောင်၊ တန်ဖိုးထားအောင်၊ ကျွန်မတို့ရဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းချင်တဲ့ စိတ်ဓာတ်တွေရှိအောင် သင်ပေးစေချင်ပါတယ်။ လူကြီးတွေဟာ ပိုက်ဆံချမ်းသာသည်ဖြစ်စေ၊ မချမ်းသာသည်ဖြစ်စေ၊ ရာထူးကြီးသည်ဖြစ်စေ၊ နိမ့်သည်ဖြစ်စေ မိမိတို့ရဲ့ သားသမီးများ၊ နောင်လာနောက်သားများအတွက် ပေးကမ်းနိုင်တဲ့၊ ထားပစ်ခဲ့နိုင်တဲ့ အကောင်းဆုံးအမွေအနှစ်ကတော့ မှန်ကန်တဲ့စိတ်ထားတွေပဲဖြစ်ပါတယ်။ အဲဒါကတော့ လူတိုင်းလူတိုင်း လုပ်နိုင်တယ်။ ပိုက်ဆံမရှိတဲ့သူလည်း လုပ်နိုင်တယ်။ ရာထူးမရှိတဲ့သူလည်း လုပ်နိုင်တယ်။

**မှန်ကန်တဲ့စိတ်ထားတွေကိုထား**

"တစ်ခါတလေ အင်မတန်မှ ချမ်းသာကြွယ်ဝပြီးတော့၊ ရာထူးကြီးမြင့်ပြီးတော့ သားသမီးများကို ကောင်းတဲ့ စိတ်ဓာတ် အမွေအနှစ်ကို မပေးခဲ့ဘူးဆိုရင် ဒီသားသမီးများဟာ ဘယ်သူ့ကိုမှ အကျိုးပြုနိုင်မှာမဟုတ်ပါဘူး။ အခြားသူကို အကျိုးမပြုနိုင်တဲ့သူဆိုတာ နောက်ဆုံးကျတော့ မိမိကိုယ်မိမိလည်း အကျိုးပြုနိုင်မှာ မဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ တိုင်းရင်းသားများအားလုံး၊ ပြည်ထောင်စုသားများအားလုံးဟာ ကိုယ့်ရဲ့သားသမီးတွေ၊ ကိုယ့်ရဲ့ကလေးတွေကို ကောင်းတဲ့အမွေအနှစ်တွေ ပေးခဲ့နိုင်အောင်လို့ ကိုယ်ကိုယ်တိုင်က မှန်မှန်ကန်ကန်ကျင့်ကြံပါ။ မှန်ကန်တဲ့စိတ်ထားတွေကိုထားပါ။ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံနဲ့ စုဖွဲ့ထားတဲ့နိုင်ငံဖြစ်တယ်။ ပြောတဲ့ဘာသာစကားချင်းလည်း မတူဘူး။ ကိုးကွယ်တဲ့ဘာသာချင်းလည်းမတူဘူး။ နိစ္စဓူဝ စားပုံ သောက်ပုံချင်းလည်း မတူဘူး။

**တစ်ဦးနဲ့တစ်ဦး အင်အားဖြည့်ပေးစရာလည်းဖြစ်**

"ဒါပေမယ့် မတူကွဲပြားမှုတွေဟာ ကျွန်မတို့အတွက် ကြောက်စရာမဟုတ်ဘူး။ စိုးရိမ်စရာမဟုတ်ဘူး။ ဒီဟာ ကျွန်မတို့အတွက် စိတ်ဝင်စားစရာ တစ်ဦးနဲ့တစ်ဦး အင်အားဖြည့်ပေးစရာလည်းဖြစ်ပါတယ်။ အားလုံးဟာ တစ်ပုံစံတည်းဆိုရင် ကမ္ဘာကြီးဟာ အင်မတန်မှ ကျဉ်းမြောင်းသွားပါလိမ့်မယ်။ ဥပမာဆိုရင် တစ်ယောက်က သီချင်းဆိုတတ်တယ်။ တစ်ယောက်ကနေပြီးတော့ ဆိုင်းတီးတတ်တယ်ဆိုရင် သီချင်းဆိုတာဟာ ဆိုင်းမပါဘဲ သီချင်းဆိုတာထက် ဆိုင်းပါပြီး သီချင်းဆိုတာဟာ ပိုပြီးတော့ ဝေဆာပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မတူတဲ့အင်အားတွေ ပေါင်းလိုက်တဲ့ဟာက ကိုယ်တစ်ယောက်တည်းရဲ့အင်အားကို သုံးတာထက် အင်မတန်မှ အင်အားကြီးပါတယ်။ ဒါကြောင့် ကျွန်မတို့တိုင်းရင်းသားများ အခုဒီလိုနေရာမျိုးမှာ လာရတဲ့အခါမှာ ဒီလိုဝေးလံခေါင်သီတဲ့နေရာမှာ တိုင်းရင်းသားလူမျိုးစု အမျိုးမျိုး ကျွန်မတို့တွေ့ရတယ်။ လူမျိုးစုတစ်မျိုးတည်းနေတာမဟုတ်ဘူး။

**အဓိကအင်အားဖြစ်**

"ဒီလိုဝိုင်းဝန်းပြီးတော့ သိုက်သိုက်ဝန်းဝန်းဖြစ်အောင်လို့ နေနိုင်တာဟာ ဒီဒေသခံတွေရဲ့ အင်မတန်မှ ဂုဏ်သိက္ခာရှိတဲ့ အရည်အချင်းတစ်ခုလည်းဖြစ်ပါတယ်။ ဒီအရည်အချင်းကို ထိန်းသိမ်းထားစေချင်တယ်။ အချင်းချင်းကြားမှာ အဆင်ပြေအောင် နေတတ်တာ၊ ချစ်ခင်မှုကို တစ်နေ့ထက်တစ်နေ့ တိုးပွားအောင် လုပ်တတ်တာဟာ ကျွန်မတို့နိုင်ငံရဲ့ အဓိကအင်အားဖြစ်ရမယ်။ ကမ္ဘာကြီးဟာ အမြဲပဲ မေတ္တာအပေါ်မှာ အခြေခံပြီးတော့ ဆောင်ရွက်ကြတာမဟုတ်ပါဘူး။ မေတ္တာကို ပထမတန်းစား တန်ဖိုးအနေနဲ့ ထားပြီးတော့ လှုပ်ရှားတဲ့ လူ့အသိုင်းအဝိုင်းတွေဆိုတာ တစ်နေ့ထက်တစ်နေ့ နည်းလာတာကိုလည်း မြင်ရပါလိမ့်မယ်။

**သာလွန်တဲ့ချမ်းသာမှုကို ရနိုင်**

"ဒါပေမယ့် အဲဒီလို ကျွန်မတို့ရဲ့နိုင်ငံမှာ မေတ္တာကို အခြေခံပြီးတော့ ဖွံ့ဖြိုးမှုရရှိအောင်လုပ်နိုင်မယ့် လူ့အသိုင်းအဝိုင်း ထူထောင်နိုင်မယ်ဆိုရင် ကျွန်မတို့ဟာ ဒီကမ္ဘာကြီးနဲ့ အခြားနိုင်ငံတွေထက် ပိုပြီးတော့ သာလွန်တဲ့ ချမ်းသာမှုကို ကျွန်မတို့ ရနိုင်မှာပါ။ စိတ်၏ချမ်းသာမှု၊ ကိုယ်၏ချမ်းသာမှု နှစ်မျိုးရှိပါတယ်။ ကိုယ်၏ချမ်းသာမှုဟာ တကယ်တော့ ရုပ်ပိုင်းဆိုင်ရာချမ်းသာမှု လိုအပ်ချက်တွေဟာ ဒီလောက်များတာ မဟုတ်ပါဘူး။ စိတ်ကမကျေနပ်လို့သာ များများ များများလာတာပါ။ လူ့ရဲ့စိတ်ဆိုတာ ကျွန်မတို့ ဆိုရိုးစကားရှိပါတယ်။ **စာမျက်နှာ ၅ သို့ »»**





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်လန်ဖူးမြို့ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

»»» စာမျက်နှာ ၄ မှ

လူ့အလို နတ်မဖြည့်နိုင်ဘူးဆိုတာ လူတွေက တစ်ခုပြီး တစ်ခု လိုနေတဲ့အခါကျတော့ နတ်များတောင်မှ မဖြည့်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါ။ တကယ်ပဲ လိုအပ်သလားဆိုတော့ တကယ်တော့ လိုအပ်တာမဟုတ်ပါဘူး။ စိတ်က လိုအပ်တာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့က စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်အောင်လည်း လုပ်ရမယ်။ ရုပ်ပိုင်းဆိုင်ရာလည်း ဖွံ့ဖြိုးသင့်သလောက် ဖွံ့ဖြိုးအောင်လုပ်ရမယ်။ ဒီနှစ်ခုကိုတွဲပြီးမှ ကျွန်မတို့နိုင်ငံကြီးကို တိုးတက်သာယာအောင် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

**လမ်းသစ်ကြီးကို တန်ဖိုးရှိအောင်**

"ကျွန်မတို့ အခုလို လမ်းဖွင့်လိုက်တယ်၊ လမ်းဖောက်လိုက်တယ်ဆိုတာဟာ ကျွန်မတို့ရဲ့နိုင်ငံ တကယ်တိုးတက်နိုင်မယ့်အခြေအနေကို သွားနိုင်မယ့်လမ်းကို ဖွင့်ပေးတာပဲဖြစ်ပါတယ်။ ဒါပေမယ့် လမ်းဆိုတာ ဖောက်လိုက်ပြီ၊ ဖွင့်လိုက်ပြီ ဒီလမ်းကိုလျှောက်မှ ဒီလမ်းကိုအသုံးချမှ အသုံးချတဲ့သူအတွက် တန်ဖိုးရှိမှာပဲဖြစ်ပါတယ်။ လမ်းတစ်ခုကို ဖောက်ပေးတယ်၊ ဆောက်ပေးတယ်၊ ဖွင့်ပေးတယ် ဒါပေမယ့် ဒီမှာရှိနေတဲ့ ဒီလမ်းကိုသုံးနိုင်တဲ့ ပုဂ္ဂိုလ်များက မသုံးဘဲနဲ့ အရင်အတိုင်းပဲ၊ အရင်ပုံစံအတိုင်းပဲနေမယ်ဆိုရင် ဒီလမ်းဖောက်ရခြင်း၊ ဆောက်ရခြင်းရဲ့ တန်ဖိုးဟာ ကျသွားမှာပါ။ ဒါကြောင့် အခုလို လမ်းသစ်ကြီးပွင့်လာတဲ့အခါမှာ ဒီလမ်းသစ်ကြီးကို တန်ဖိုးရှိအောင်လို့ သုံးကြပါ။ ကိုယ့်အချင်းချင်း ပိုပြီးတော့ညီညွတ်မှုရှိအောင်၊ တစ်ယောက်အကြောင်း တစ်ယောက် ပိုပြီးတော့သိနိုင်တဲ့ အခွင့်အရေးတွေကို ကောင်းကောင်းမွန်မွန် သုံးကြပါ။ ကိုယ့်ဒေသအတွက် ဖွံ့ဖြိုးရေးဖြစ်နိုင်တဲ့ လုပ်ငန်းတွေလုပ်ဖို့ ဒီလမ်းကြီးကိုသုံးကြပါ။ ကျွန်မတို့ ဒီလမ်းကြီး ဖောက်လိုက်ခြင်းဟာ ကျွန်မတို့ ဒေသခံတွေအတွက် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပိုပြီးရှိနိုင်အောင်လို့ လုပ်ပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က မဂ္ဂွေဇ-ဆန်းလွတ်ချက်တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ) လမ်းပိုင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဖောက်လုပ်သွားမည့် လမ်းလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံပြည်သူ ဦးဖုန်ယုက မဂ္ဂွေဇ-ငါ့လုံဒမ်-ရီဒမ်း-ခေါင်လန်ဖူး လမ်းဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းနာယက ဦးအားတန် ဦးဆောင်သည့် အဖွဲ့ဝင်များက အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လမ်းလုပ်ငန်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းပေးအပ်သည်။

ယင်းနောက် မဂ္ဂွေဇ-ဆန်းလွတ်ချက်တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ) လမ်းပိုင်း လမ်းဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းမုခ်ဦးရှေ့၌ဆက်လက်ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မော်တော်ယာဉ်ဖြင့် မဂ္ဂွေဇ-ဆန်းလွတ်ချက်တောင်ထိပ် (၃၃ မိုင် ၆ ဖာလုံ) လမ်းပိုင်း လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တပ်မတော်ရဟတ်ယာဉ်ဖြင့် မဂ္ဂွေဇမှ ခေါင်လန်ဖူးမြို့သို့ ရောက်ရှိပြီး ခေါင်လန်ဖူးမြို့ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိတို့အနေဖြင့် ဝေးလံခေါင်သီဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ကူညီဆောင်ရွက်ပေးလိုပါကြောင်း၊ နေရာတိုင်းတန်းတူညီရေးသည် အရေးပါပြီး ခက်ခဲသည့်နေရာများသည် ပို၍ အရေးပါပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းသည့် ဒေသများအတွက် ဖွံ့ဖြိုးတိုးတက်မှု အမြန်ရရှိစေရန် ပံ့ပိုးရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစသဖြင့် ဘက်ပေါင်းစုံ ကြည့်ရပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုဖြစ်သည်နှင့်အညီ တိုင်းရင်းသားများအားလုံး တန်းတူညီတူအခွင့်အရေးရရန် ဆောင်ရွက်ရပါကြောင်း။

> ❛ မိမိတို့အနေဖြင့် ဝေးလံခေါင်သီဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ကူညီဆောင်ရွက်ပေးလိုပါကြောင်း၊ နေရာတိုင်း တန်းတူညီရေးသည် အရေးပါပြီး ခက်ခဲသည့်နေရာများသည် ပို၍ အရေးပါပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းသည့် ဒေသများအတွက် ဖွံ့ဖြိုး တိုးတက်မှုအမြန်ရရှိစေရန် ပံ့ပိုးရမည် ❜



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ မူလာရှီးဒီ ဂျစ်ကားကူးကြိုးတံတားအား ဖြတ်သန်းကြည့်ရှုလေ့လာကြစဉ်။

**ကလေးများသည် အရေးအကြီးဆုံး**

မိမိအနေဖြင့် ယခုရောက်ရှိသည်မှာ လမ်းဖွင့်သည့် အခမ်းအနား တက်ရောက်ရန်ဖြစ်ပါကြောင်း၊ သို့သော် ယခုကဲ့သို့ ကြုံကြိုက်တုန်း တတ်နိုင်သမျှ ပြည်သူလူထုနှင့် ထိတွေ့မှုရှိလိုပါကြောင်း၊ ပြည်သူလူထုထဲမှ ကလေးများသည် အရေးအကြီးဆုံး ဖြစ်ပါကြောင်း၊ ကလေးများသည် နိုင်ငံ၏တာဝန်ကို ကြာမြင့်စွာထမ်းဆောင်ရမည်ဖြစ်သည့်အတွက် ဖြစ်ပါကြောင်း၊ ကလေးများစာသင်မှ မိမိတို့နိုင်ငံ၏အနာဂတ်သည် ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အဓိက အရေးပေးပြီးပြောကြားလိုသည်မှာ ပညာရေးနှင့် ကျန်းမာရေးဖြစ်ပါကြောင်း။

**နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်မည်**

မိမိတို့ နိုင်ငံသူ နိုင်ငံသားများသည် ကျန်းမာမှ၊ ပညာရှိမှ နိုင်ငံ့အကျိုးကို ထမ်းဆောင်နိုင်မည်ဖြစ်သကဲ့သို့ မိမိအကျိုးကိုလည်း ထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဤဒေသများတွင် ကလေးများ အာဟာရပြည့်ဝအောင် အထူးကြိုးစားပြီး လုပ်ဆောင်ပေးလိုပါကြောင်း၊ ကလေးများ အာဟာရပြည့်ဝမှ သန်သန်မာမာ၊ ကျန်းကျန်းမာမာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာတတ်မှလည်း အားလုံးကို ကူညီနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ရပ်မိရပ်ဖများနှင့် တွေ့ဆုံစဉ် ဒေသအတွက် အဓိကလိုအပ်ချက်များကို တင်ပြစေလိုပါကြောင်း၊ အစိုးရအနေဖြင့် ဘယ်လိုပုံစံမျိုးဖြင့် ပံ့ပိုးပေးနိုင်သည် ဆိုသည်ကိုလည်း ဆွေးနွေးတင်ပြစေလိုပါကြောင်း။

စာမျက်နှာ ၆ သို့ »»»

## ပြည်တွင်းရေးရာ

»»» စာမျက်နှာ ၅ မှ

ဒေသခံများက တင်ပြသည့် ကြိုးပြင်တောကိစ္စနှင့်ပတ်သက်၍ ကြိုးပြင်တော ကာကွယ်ရေးဆိုသည်မှာ နောင်တွင် မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ထိန်းသိမ်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေးလိုအပ်ချက်နှင့် ညှိနှိုင်းပြီး လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ဤဒေသတွင်ရှိသည့် မျိုးပင်များသည် ဆေးဖက်ဝင်ပြီး တန်ဖိုးရှိသည်ဟု ကြားသိရပါကြောင်း၊ ထိုကဲ့သို့ တန်ဖိုးရှိသည့် အရာများကို ဒေသခံများအတွက် အထောက်အကူဖြစ်စေရန် စဉ်းစားဆောင်ရွက်မည် ဖြစ်ပါကြောင်း။

### တံတားများသည် လိုအပ်ချက်ဖြစ်

မြွေမသေ၊ တုတ်မကျိုးဆိုသကဲ့သို့ နှစ်ဖက်စလုံးအတွက် အဆင်ပြေစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မျိုးပင်များ မပြုန်းတီးစေရန်နှင့် ဒေသခံပြည်သူလူထု၏ စားဝတ်နေရေး မထိခိုက်စေရန် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ဤဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးတွင် တံတားများသည် လိုအပ်ချက်ဖြစ်သည်ဆိုသည်ကို နယ်စပ်ရေးရာဝန်ကြီးဌာနက တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး လိုအပ်သည့်တံတားများ အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရန် အထူးအလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ကလေးများ အခြေခံပညာအထက်တန်းအဆင့် အောင်နှုန်းနည်းခြင်းနှင့်ပတ်သက်၍ မိမိအနေဖြင့် ဆရာ ဆရာမများကို သင်တန်းပေးရန် လိုအပ်နေသည်ဟု စဉ်းစားမိပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကလေးများကို အောင်နှုန်းကောင်းအောင် သင်ကြားပေးနိုင်ရန်အတွက် မွမ်းမံသင်တန်းပေးသည့် အစီအစဉ်များကို ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လုံလောက်သည့် သင်ထောက်ကူပစ္စည်းများကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း။

### ဆေးရုံအသစ်တည်ဆောက်ရန်

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံအသစ်တည်ဆောက်ရန် လိုအပ်နေသည်ကို လက်ခံပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အမြန်ဆုံးဖြစ်မြောက်အောင် လုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ အလားတူ လယ်ယာမြေနှင့် ပတ်သက်၍လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး တိမ်ကောလယ်ယာမြေများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူ စီဒီးထာရ်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသနေပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ခေါက်ဆွဲခြောက် စသည့်စားနပ်ရိက္ခာများကို တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ခေါင်လန်ဖူးမြို့မှ မချမ်းဘော့မြို့သို့ ရောက်ရှိကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပူတာအိုမြို့ မလိခလော့ဒ်ဟိုတယ်၌ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မချမ်းဘော့မြို့ ဒေသဖွံ့ဖြိုးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မလိခ ကြိုးတံတား (မချမ်းဘော့)သို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၁)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနည်လှက တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

### ဖြတ်သန်းကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မလိခတံတား(မချမ်းဘော့)အား ဖြတ်သန်းကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပူတာအိုမြို့သို့ ရောက်ရှိကြပြီး မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပေါ်ရှိ မူလာရှီးဒီ ဂျစ်ကားကူးကြိုးတံတားအား ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မလိခလော့ဒ်ဟိုတယ်၌ ပူတာအို မြို့မိမြို့ဖ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မြို့မိမြို့ဖများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအတွက် အဓိကလိုအပ်ချက် အခြေခံအဆောက်အအုံများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်ရန် ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့လာရောက်သည့်အခါ သာယာလှပပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သည့် အခြေအနေများကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့မြို့ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့်စပ်လျဉ်းပြီး မြို့မိမြို့ဖများ၏ သဘောထားများကို ပွင့်ပွင့်လင်းလင်း သိရှိလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း တင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

### မျှမျှတတဖြစ်စေရန် ဆောင်ရွက်ပေးမည်

ယင်းနောက် မြို့မိမြို့ဖများက ပူတာအိုဒေသအတွက် အဓိကအရေးကြီးသော ငြိမ်းချမ်းရေးရရှိရန်လိုအပ်ချက်၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလိုအပ်ချက်၊ ပူတာအိုဒေသအတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန်လိုအပ်ချက်၊ ပူတာအိုမြို့ပတ်လမ်းနှင့် လမ်း၊ တံတားများလိုအပ်ချက်၊ ဒေသခံဘွဲ့ရလူငယ်များအား ဦးစားပေး၍ ဒေသတွင်း အလုပ်တာဝန်ပြန်လည်ခန့်ထားနိုင်ရေးစသည်တို့ကို တင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်၏မူဝါဒနှင့်အညီ မျှမျှတတဖြစ်စေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းတွေ့ဆုံပွဲသို့ ပူတာအိုမြို့မှ မြို့မိမြို့ဖ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် လေယာဉ်ကွင်းရပ်ကွက်မှ ရှမ်းရိုးရာယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးတင်လှ၊ ဟိုခိုရပ်ကွက်မှ ရှမ်းရိုးရာယဉ်ကျေးမှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်စွဲ့ထွန်းထွန်းနွယ်၊ ပန်းလိုင်ရပ်ကွက်မှ ကောင်းမှုလုံဂေါပကအဖွဲ့ဝင် ဦးစောနွဲ့သိုက်ရွှေ၊ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည့် ပူတာအိုမြို့ မြို့မရပ်ကွက်မှ ရဝမ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမယစ်ယောရှု၊ လေယာဉ်ကွင်းရပ်ကွက်မှ ရဝမ်စာပေနှင့်ရိုးရာယဉ်ကျေးမှုအသင်း အတွင်းရေးမှူး ဦးဆရစ်ဒီး၊ ဒုတ္တာန်ရပ်ကွက်မှ ရဝမ်စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း အဖွဲ့ဝင် ဦးဒိန်ခန်ဒါဝိ၊ ဟိုခိုရပ်ကွက်မှ လီဆူရိုးရာယဉ်ကျေးမှုကော်မတီယာယီဥက္ကဋ္ဌ ဦးဂျေဖာဒါး၊ လုံးစွတ်ရပ်ကွက်မှ လီဆူရိုးရာယဉ်ကျေးမှုကော်မတီအတွင်းရေးမှူး ဦးဒီးဒီရဲ၊ လုံးစွတ်ရပ်ကွက်မှ ဂျိန်းဖောရိုးရာယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆင်ဝါး၊ ကောင်ကထောင်ရပ်ကွက်မှ ဂျိန်းဖော ရိုးရာယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး ဦးအောင်ခမ်း၊ ဟိုခိုရပ်ကွက်မှ မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးအခီယိုထ၊ မြို့မရပ်ကွက်မှ မြို့နယ်စည်ပင်ကော်မတီအဖွဲ့ဝင် ဦးခေါ်ဒုဆာရ်းတန်၊ ကောက်ကထောင်ရပ်ကွက်မှ မြို့နယ်စည်ပင်ကော်မတီ အဖွဲ့ဝင် ဦးနိုခမ်း၊ မူလာရှီးဒီရပ်ကွက်မှ မြို့နယ်စည်ပင်ကော်မတီအဖွဲ့ဝင် ဦးရီလီဆာ၊ ကောင်ကထောင်ရပ်ကွက်မှ ဒေါ်နန်ဆိုင်း၊ မြို့မရပ်ကွက်မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမလောင်ဒေးဗစ်၊ ဟိုခိုရပ်ကွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်လာဖီးချာ၊ လေယာဉ်ကွင်းရပ်ကွက်မှ ဦးချန်းဂျောင်ဆာရ်း၊ လုံးစွတ်ရပ်ကွက်မှ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထမ်းတန်ဖီးရမ်တို့ တက်ရောက်ကြသည်။

### ညစာစားပွဲတက်ရောက်

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပူတာအိုမြို့မိမြို့ဖများသည် ကချင်ပြည်နယ်အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ညစာစားပွဲတွင် ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများပေးအပ်သည်။

**သတင်းစဉ်**

# ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ရခိုင်ပြည်နယ်ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၈**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ရခိုင်ပြည်နယ်ပညာရေးစုံညီပွဲတော်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်က ပညာရေးစုံညီပွဲတော်ကျင်းပရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ဇနီးတို့က နိုင်ငံတော်အဆင့် ထူးချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများနှင့် သန့်ရှင်းသာယာလှပသောကျောင်းဆုရရှိသော ဆရာကြီး ဆရာမကြီးများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ပြည်နယ်ပညာရေးမှူး၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လူရည်ချွန်ရွေးချယ်ခံရသော ကျောင်းသား ကျောင်းသူများနှင့် ဘာသာရပ်အလိုက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။





ယင်းနောက် ရွှေထီး၊ ရွှေပင်၊ ရွှေပလ္လင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုရဲ့ထာဝရသီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ပြည်တော်)မှ ကျောင်းသား ကျောင်းသူများက လက်ခတ်သံသီချင်းဖြင့်လည်းကောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ထာဝရမြန်မာသီချင်းဖြင့်လည်းကောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ကျောင်းကြီးလမ်း)တို့က အေရိုးဗစ်အကဖြင့်လည်းကောင်း၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မဟာနွယ်သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်းပြသထားသည့် ပညာရေးမြှင့်တင်မှုပြခန်း၊ သင်ထောက်ကူပြခန်း၊ အိမ်တွင်းမှုနှင့်ပန်းချီ၊ ဓာတ်ပုံပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အဖွဲ့ဝင်ကောင်းတစ်ဦးအဖြစ် ဆောင်ရွက်ရေး

ကောင်းမွန်

ကျွန်တော်တို့၏ လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများ၌ ခေါင်းဆောင်မှု အရည်အချင်းများနှင့်ပတ်သက်၍ သင်တန်းများပို့ချလေ့ရှိသည်။ ခေါင်းဆောင်မှု အရည်အချင်းများနှင့်ပတ်သက်၍ မျိုးစုံဖွင့်ဆိုကြသည်။ များမကြာသေးမီကပင် မိမိကိုယ်တိုင် "အောင်မြင်သည့်ခေါင်းဆောင်မှုအတွက် အရေးပါသည့်အချက်သုံးချက်" ခေါင်းစဉ်ဖြင့် အဆိုပါအချက်သုံးချက်မှာ ပြင်းပြသောဆန္ဒ၊ တစိုက်မတ်မတ် မဆုတ်မနစ်လုပ်ဆောင်မှုနှင့် မှန်ကန်သော ရှုမြင်ခံယူချက်တို့ဖြစ်ကြကြောင်း ရေးသားဖော်ပြခဲ့ဖူးပါသည်။ သို့ရာတွင် အဖွဲ့အစည်းများ၊ လုပ်ငန်းဌာနများ၏ အောင်မြင်မှုနောက်၌ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် အဖွဲ့ဝင်ကောင်းများ၏ အရည်အသွေးများနှင့်ပတ်သက်၍ မည်သူမျှ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြသည်ကို ကောင်းစွာမကြားမိပေ။ ခေါင်းဆောင်ကောင်းနှင့်အတူ တူညီသောရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ကတိကဝတ်ထားရှိသည့် အဖွဲ့ဝင်များအကြား ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်မှသာ အဖွဲ့အစည်းတစ်ရပ်၊ လုပ်ငန်းဌာနတစ်ခု၏ အောင်မြင်မှုကို ဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။

**ကိုယ်ပိုင်အသိတရားဖြင့် ဆုံးဖြတ်ခဲ့**

အောင်မြင်မှုအတွက် အဖွဲ့ဝင်များအကြား နားလည်မှုရှိရှိ အဖွဲ့လိုက်ထိရောက်စွာ စုစည်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ သာဓကအနေဖြင့် ၁၉၈၂ ခုနှစ်တွင် ကနေဒါလူမျိုး ဂျွန်အမ်မက် ဦးဆောင်သည့် ကနေဒါခြေလျင်တောင်တက်အဖွဲ့ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်ခဲ့ခြင်းကို ရည်ညွှန်းဖော်ပြလိုပါသည်။ ယင်းခြေလျင်တောင်တက်အဖွဲ့၏ အဖွဲ့ဝင်အားလုံးအနက် သုံးဦးသာလျှင် ဧဝရက်တောင်ထိပ်သို့ ခြေချနိုင်ခဲ့ပါသည်။ အဖွဲ့ဝင်တိုင်း၏ ဘဝတစ်သက်တာရည်မှန်းချက်မှာ ဧဝရက်တောင်ထိပ်ပေါ်၌ ခြေချနိုင်ရန်ဖြစ်သော်လည်း အဖွဲ့ဝင်အများစုတို့သည် အခြေစခန်း၌သာ စောင့်ဆိုင်းနေကြရန် မိမိတို့၏ ကိုယ်ပိုင်အသိတရားဖြင့် ဆုံးဖြတ်ခဲ့ကြပါသည်။

ယင်းကဲ့သို့ ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြခြင်း၏ အဓိကအကြောင်းရင်းမှာ အဖွဲ့ဝင်တိုင်းက ဧဝရက်တောင်ထိပ်ပေါ်သို့ အရောက်လှမ်းရန် ကြိုးပမ်းကြမည်ဆိုပါက တစ်ဖွဲ့လုံး၏ ကြိုးပမ်းချက်မှာ အချည်းနှီးဖြစ်မည်ကို အားလုံးက သဘောပေါက်ကြသောကြောင့်ပင် ဖြစ်သည်။ အဖွဲ့တစ်ခုလုံး၏ အောင်မြင်မှုအတွက် တစ်ဦးချင်းစီ၏ မျှော်မှန်းချက်၊ တစ်နည်းဆိုရသော် ၎င်းတို့တစ်ဦးချင်းစီ၏ အိပ်မက်ကို စွန့်လွှတ်ရန်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ပါသည်။

အမှန်စင်စစ် ယခုအကြိမ်မှာ ဂျွန်အမ်မက်အတွက် ဧဝရက်တောင်ထိပ်သို့ တက်ရန် ပထမဦးဆုံးအကြိမ် ကြိုးပမ်းမှုမဟုတ်ပေ။ ယင်းမတိုင်မီ ၁၀ နှစ်ခန့်ကလည်း ဂျွန်အမ်မက်သည် နော်ဝေးနိုင်ငံမှ သူငယ်ချင်းတစ်ဦးနှင့်အတူ နိုင်ငံအများအပြားမှ ကမ္ဘာ့ထိပ်တန်း တောင်တက်သမားများနှင့် ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရန် ကြိုးပမ်းခဲ့ဖူးသည်။ သို့သော် နောက်ဆုံးအချိန်ပိုင်းတွင် ၎င်းအနေဖြင့် ယင်းအစီအစဉ်မှ နောက်ဆုတ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

**ထုတ်ဖော်ပြောကြား**

ဂျွန်အမ်မက်က ယင်းကဲ့သို့ နောက်ဆုံးအချိန်ပိုင်းမှ နောက်ဆုတ်ရန် ဆုံးဖြတ်ခဲ့ရခြင်းမှာ အိမ်ထောင်ပြုရန်ဖြစ်ကြောင်း တရားဝင်အကြောင်းပြချက်အနေဖြင့် ဖော်ပြခဲ့သော်လည်း အမှန်စင်စစ် ယင်းမှာ ဆင်ခြေတစ်ရပ်သာဖြစ်ကြောင်း နောက်ပိုင်းတွင် ရှင်းလင်းပြောကြားခဲ့ပါသည်။ "ခရီးစဉ်၌ ကမ္ဘာ့အတော်ဆုံးတောင်တက်သမားများ ပါဝင်ကြသော်လည်း ယင်းခရီးစဉ်မှာ အောင်မြင်မှုမရှိနိုင်ကြောင်း"၊ ခရီးစဉ်၌ လိုက်ပါကြမည့်အဖွဲ့ဝင်တိုင်းသည် ၎င်းတို့၏ ကိုယ်ပိုင်ဂုဏ်သိက္ခာအတွက်သော်လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံ့ဂုဏ်သိက္ခာအတွက်သော်လည်းကောင်း တောင်ထိပ်သို့ မဖြစ်မနေ တက်ရောက်လိုကြမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ အခြေအနေမျိုးတွင် မည်သူကမျှ အဖွဲ့တစ်ဖွဲ့လုံး၏ ကောင်းကျိုးအတွက် မှန်ကန်သည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ဖွယ်မရှိဟု ၎င်းအနေဖြင့် ကောင်းစွာ သဘောပေါက်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ဂျွန်အမ်မက်၏ စိုးရိမ်မှုမှာ မှန်ကန်ကြောင်းတွေ့ရှိရပါသည်။ တောင်တက်အဖွဲ့ဝင်များအနေဖြင့် ဧဝရက်တောင်ထိပ်သို့ တက်ရောက်ရေးနှင့်ပတ်သက်၍ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမရှိကြသည့်အပြင် တောင်တက်နေစဉ်အတောအတွင်း တစ်ချိန်တွင် ကမ္ဘာ့အတော်ဆုံး၊ ကျွမ်းကျင်မှုအရှိဆုံး တောင်တက်သမားများအချင်းချင်း ခိုက်ရန်ဖြစ်ပွားသည့်အခြေအနေသို့ပင် ရောက်ရှိခဲ့ပါသည်။

အဖွဲ့တစ်ဖွဲ့၊ အတိအကျဆိုရပါက "စစ်မှန်သည့်အဖွဲ့" ဆိုသည်မှာ တစ်ချိန်တည်းတွင် တစ်နေရာတည်း၌ စုပေါင်းလုပ်ကိုင်ကြသူများပါဝင်သည့် အဖွဲ့သက်သက်မဟုတ်ပေ။ "စစ်မှန်သည့်အဖွဲ့" ဆိုသည်မှာ တူညီသောရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် ကတိကဝတ်ထားရှိသည့် ကွဲပြားခြားနားသူ အများအပြားပါဝင်ကြသည့် အဖွဲ့ပင်ဖြစ်သည်။

**အဖွဲ့၏ ကောင်းကျိုးအတွက် ကတိကဝတ်ထားရှိမှု**

အဆိုပါ အဖွဲ့ဝင်အများအပြားမှာ အတွေ့အကြုံ၊ အရည်အသွေး၊ ပညာရေး အရည်အချင်းပိုင်းနှင့်ပတ်သက်၍ မတူညီကြသော်လည်း အရေးကြီးသည့် တူညီမှုအချက်မှာ အဖွဲ့၏ ကောင်းကျိုးအတွက် ကတိကဝတ်ထားရှိကြခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ မိသားစုအတွင်းဖြစ်စေ၊ လုပ်ငန်းခွင်၌ဖြစ်စေ၊ သို့တည်းမဟုတ် လူမှုအဖွဲ့အစည်း၌ဖြစ်စေ အတူတကွပူးပေါင်း၍ "စစ်မှန်သည့်အဖွဲ့" တစ်ခုအဖြစ် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက အကောင်းဆုံးရလဒ်ကို ရရှိနိုင်မည်ဖြစ်သည်။

လူတို့သည် ယင်းတို့ထက် ပိုမိုကြီးကျယ်သည့် လုပ်ငန်း၊ အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်လိုကြသည်ဟု နားလည်နိုင်ပါသည်။ အဖွဲ့တစ်ခု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်လှုပ်ရှားမှုက အဆိုပါ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပါသည်။

အဖွဲ့ဝင်တစ်ဦးချင်းအနေဖြင့် ယင်းတို့၏ ပံ့ပိုးမှုသည် မည်သည့်အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိသည်ကို ကောင်းစွာနားလည်သင့်သည်။ ယင်းသို့နားလည်စေရန်လည်း အတတ်နိုင်ဆုံး ရှင်းလင်းပြောကြားထားသင့်သည်။ ယင်းသို့ နားလည်သည်နှင့်အမျှ အဖွဲ့ဝင်တိုင်းအနေဖြင့် ပိုမိုစိတ်အားထက်သန်မှု ရှိလာမည်ဖြစ်ပြီး ပိုမိုကြီးကျယ်သော အောင်မြင်မှုကို ရရှိစေရန် အထောက်အကူပြုစေမည်ဖြစ်သည်။ တစ်နည်းဆိုရသော် အဖွဲ့အစည်းတစ်ရပ်၌ သက်ဆိုင်ရာအဖွဲ့ဝင်တစ်ဦးစီ၏ ပံ့ပိုးကူညီမှုကိုတန်ဖိုးထား၍ အဖွဲ့လိုက်ထိရောက်စွာ စုစည်းဆောင်ရွက်ကြမှသာ အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။

**အစဉ်မှန်ကန်မှုရှိမည် မဟုတ်**

"စစ်မှန်သည့်အဖွဲ့" တစ်ခုဖြစ်စေရန် အဖွဲ့ဝင်များအနေဖြင့် အရည်အသွေး၊ အတွေ့အကြုံ၊ ပညာအရည်အချင်းပိုင်း၌ တူညီကြမည် မဟုတ်သော်လည်း တူညီသောကတိကဝတ်များ ထားရှိနိုင်ကြပါသည်။ အဖွဲ့ဝင်များအနေဖြင့် အခြားသောအဖွဲ့ဝင်များနှင့် ပဋိပက္ခတစ်စုံတစ်ရာမရှိဘဲ နေထိုင်လုပ်ကိုင်နိုင်မည်ဟု မှတ်ယူထားပါကလည်း အစဉ်မှန်ကန်မှုရှိမည် မဟုတ်ပေ။ သို့ရာတွင် ကွဲပြားခြားနားချက်များနှင့်ပတ်သက်၍ ညှိနှိုင်းခြင်း၊ တူညီသောရည်မှန်းချက်များအပေါ် အလေးထားခြင်း၊ တစ်ဦးအပေါ်တစ်ဦး ထိခိုက်နစ်နာစေရန် ခိုက်ရန်အငြင်းပွားခြင်းမပြုပါက အဖွဲ့အစည်းတစ်ခုလုံး၏ အောင်မြင်မှုအတွက် အရေးပါသည့် ခြေလှမ်းများကို မုချလှမ်းနိုင်မည်ဖြစ်ပါသည်။


> **"အဖွဲ့ဝင်တစ်ဦးချင်းအနေဖြင့် ယင်းတို့၏ပံ့ပိုးမှုသည် မည်သည့်အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိသည်ကို ကောင်းစွာနားလည်သင့်သည်။ ယင်းသို့ နားလည်စေရန်လည်း အတတ်နိုင်ဆုံး ရှင်းလင်းပြောကြားထားသင့်သည်။ ယင်းသို့ နားလည်သည်နှင့်အမျှ အဖွဲ့ဝင်တိုင်းအနေဖြင့် ပိုမိုစိတ်အားထက်သန်မှု ရှိလာမည်ဖြစ်ပြီး ပိုမိုကြီးကျယ်သော အောင်မြင်မှုကိုရရှိစေရန် အထောက်အကူပြုစေမည်ဖြစ်သည်"**

**Ref:**

Fripp, Patricia. **"Be a team player.** The Star 03.11.2011: StarClassifieds

Maung Koung Mon. **"အဖွဲ့ဝင်ကောင်းတစ်ဦးအဖြစ် ဆောင်ရွက်ရေး".** Outer Circle (သို့)အပြင်စည်းမဂ္ဂဇင်း December 2011

Koung Mon. **"အောင်မြင်သည့် ခေါင်းဆောင်မှုအတွက် အရေးပါသည့် အချက်သုံးချက်"** Kyemon 16.11. 2018: Feature article




❖ **ကျောဖုံးမှ**

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နောက် ၃၆ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုထားသည်။

မိုး/ဇလ



# တရုတ် - မြန်မာ ဆွေမျိုးပေါက်ဖော်များ ပရဟိတလှူဒါန်းပွဲ ပြုလုပ်

**ညောင်ဦး ဇန်နဝါရီ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့နံနက် ၁၀ နာရီက ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက် ရွှေစည်းခုံဘုရား အရှေ့ဘက်စောင်းတန်းရှိ ချူအင်လိုင်းတန်ဆောင်း၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်း တရုတ်-မြန်မာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်လည်ပတ်ခြင်း ၅၈ နှစ်ပြည့်အထိမ်းအမှတ် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်များ ပရဟိတလှူဒါန်းပွဲကို တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် ဇနီး၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် တာဝန်ရှိသူများက ညောင်ဦးမြို့နယ်အတွင်းရှိ နွမ်းပါးသော အိမ်ထောင်စုဝင်များကိုယ်စား ညောင်ဦးမြို့ အမှတ်(၂)ရပ်ကွက်မှ ရပ်မိရပ်ဖ ဦးထွန်းလင်းနိုင်၊ အမှတ်(၄)ရပ်ကွက်မှ ရပ်မိရပ်ဖ ဦးကိုကိုနိုင်၊ အမှတ်(၆)ရပ်ကွက်မှ ဒေါ်တင်တင်အေး၊ ပုဂံမြို့သစ် ရွှေတွင်းရပ်ကွက်မှ ဦးအောင်ရွှေ၊ ပုဂံမြို့ ဂန့်ဂါရပ်ကွက်မှ ဒေါ်အေးအေးညိုတို့ထံ အိမ်ထောင်စု ၁၀၀ အတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း လှူဒါန်းငွေကျပ် သိန်းတစ်ရာဖိုးရှိသော စားသောက်ကုန်ပစ္စည်း၊ အိမ်သုံးဆေးဝါးများနှင့် မီးဖိုချောင်သုံးပစ္စည်း မျိုးစုံပါဝင်သော လှူဒါန်းပစ္စည်း ၂၄ မျိုးကို လွှဲပြောင်းပေးအပ်ခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မြန်မာ-ဗြိတိန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအကူအညီပေးရေးကိစ္စများ အမြင်ချင်းဖလှယ်

**နေပြည်တော် ဇန်နဝါရီ ၈**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဗြိတိန်နိုင်ငံ Foreign and Commonwealth Office မှ Permanent Under-Secretary Sir Simon McDonald အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်သို့ သံရုံးပြောင်းရွှေ့ဖွင့်လှစ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုအခြေအနေနှင့် လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးခဲ့ကြပြီး မြန်မာ-ဗြိတိန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအကူအညီပေးရေးကိစ္စများနှင့် ရခိုင်ပြည်နယ်ကိစ္စအပါအဝင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၃)ရပ်ကွက် မဟာစေတီလမ်းရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျူဒီမိုးမြတ်မြတ်သူနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများက ရုံးအဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် တိုင်းရင်းသားလူမျိုးများ၏မှတ်တမ်းဓာတ်ပုံများနှင့် ရုံးခန်းတို့အား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်း အမုန်းတရား၊ အာဃာတတရားတွေကို ဖယ်ရှားကာ စစ်မှန်ပြီး ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို တည်ဆောက်ကြရန်၊ နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကားတွင် မိဘပြည်သူများကို နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုကြီးငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းစဉ်များအပေါ် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြရန် ပန်ကြားခဲ့သည့်အတိုင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့်လည်း ပိုပြီး တက်တက်ကြွကြွနှင့် ပါဝင်ဆောင်ရွက်ပေးကြရန်၊ နိုင်ငံ၏ အမျိုးသားထုတ်ကုန်တိုးတက်ရေးတွင် အထူးကြိုးပမ်းကြရန်နှင့် တိုင်းရင်းသားလူငယ်တွေ၏ အနာဂတ်ကို ဖျက်ဆီးမည့် စိတ်ကြွရူးသွပ်ဆေးပြားအန္တရာယ်ကို ပူးပေါင်းကာကွယ်ကြရန် တိုက်တွန်းအမှာစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးရှိ တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သလို တစ်ဖက်ကလည်း ဒေသနေတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှော်မြင်ကြံဆပြီး ဆောင်ရွက်ကြရန်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရန်နှင့် ပိုမိုကောင်းမွန်သည့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးများတွင် စုစည်းချစ်ကြည်ညီညွတ်သည့် စွမ်းပကားဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ရန် စသည်ဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအယ်လ်တူးမိန်းဂေါင်က ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ရုံးအဆောက်အအုံသစ်ဆောက်လုပ်မှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဖွင့်ပွဲသို့ လာရောက်ဖျော်ဖြေသော ကရင်နှင့် ရခိုင်တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များအား တစ်ဖွဲ့လျှင် ငွေကျပ် ခြောက်သိန်းစီနှင့် ပုသိမ်တက္ကသိုလ် တိုင်းရင်းသားယဉ်ကျေးမှုမောင်မယ်များကို ငွေကျပ် လေးသိန်းတို့ကို ပြည်ထောင်စုဝန်ကြီးက ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



အဆိုပါရုံးအဆောက်အအုံသစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၃၄၁ ဒသမ ၉၆ သန်းဖြင့် ခြံစည်းရိုး၊ ဝင်/ထွက်လမ်း၊ ရေမီးပါ ပေ(၈၀ × ၆၀ × ၂၄) RCနှစ်ထပ်အဆောက်အအုံ အမျိုးအစားကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၅)မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအဆောက်အအုံသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့် စတုတ္ထမြောက် အဆောက်အအုံလည်းဖြစ်ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့တို့ တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်နှင့်အဖွဲ့အား ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ တွေ့ဆုံသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် ကျပ်တစ်သောင်းတန်ငွေစက္ကူများ အတု၊ အစစ် ခွဲခြားခြင်းကိစ္စ၊ နိုင်ငံခြားသုံးငွေ ရည်ညွှန်းငွေလဲလှယ်နှုန်းသတ်မှတ်ခြင်းဆိုင်ရာကိစ္စ၊ နိုင်ငံခြားငွေဈေးကွက် တည်ငြိမ်စေရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ လုပ်ငန်းပိုင်းဆိုင်ရာဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပန်းတနော်မြို့၌ အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်

**ပန်းတနော် ဇန်နဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းသင်တန်းဖြစ်သော အခြေခံဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်ထူး၊ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပန်းတနော်မြို့နယ် မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်က သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ လုပ်ငန်းပိုင်းဆိုင်ရာများ၊ စည်းကမ်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ဒီဇယ်အင်ဂျင်ပိုင်းဆိုင်ရာ ပြင်ဆင်ထိန်းသိမ်းခြင်း၊ နော်ဇယ်ပန့်ပြုပြင်ခြင်းစသည် ပြင်ဆင်ခြင်းနည်းပညာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ရန်ကုန်မြို့၌ ကန်သာယာစင်တာနှင့် နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ် ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်မြို့၌ ကန်သာယာစင်တာနှင့် နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ် ဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်သာယာစင်တာ ပရဝဏ်အတွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ကန်သာယာစင်တာနှင့် နိုင်ငံတကာအဆင့်မီ ကြယ်ငါးပွင့်ဟိုတယ် Wyndham Grand Yangon Hotel တို့ကို ဖဲကြိုးဖြတ်၍လည်းကောင်း၊ စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးခဲ့ကြသည်။



**မျက်ဝါးထင်ထင်တွေ့မြင်**

"ကန်သာယာစင်တာကို ဖွင့်လှစ်နိုင်တဲ့အတွက်ကြောင့် ရန်ကုန်မြို့ရဲ့ စီးပွားရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ ရင်းနှီးမြှုပ်နှံမယ့်သူတွေ၊ ဒီစင်တာမှာ နေထိုင်မယ့်သူတွေ၊ အဲဒီမှာ ရုံးလုပ်ငန်းဆောင်ရွက်ကြမယ့်သူတွေအတွက် အခွင့်အလမ်းတွေ အများကြီးရရှိမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ ပုဂ္ဂလိကကဏ္ဍရဲ့ ပူးပေါင်းဆောင်ရွက်မှုက အင်မတန်အရေးကြီးပါတယ်။ ပုဂ္ဂလိကကဏ္ဍရဲ့ စနစ်တကျလုပ်ငန်းလည်ပတ်မှုတွေ လုပ်ဆောင်နိုင်မယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှုတွေကို မျက်ဝါးထင်ထင်တွေ့မြင်ကြရမှာဖြစ်ပါတယ်။ အစိုးရပိုင်းကပဲ ရင်းနှီးစိုက်ထုတ်လုပ်ကိုင်နေမယ်ဆိုရင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုက နောက်ကျကျန်နေမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်းနဲ့ မြို့ပြဖွံ့ဖြိုးမှုကိုဆောင်ရွက်ရာမှာ အခက်အခဲတွေရှိနိုင်ပါတယ်။

"၂၀၁၉ ခုနှစ်ရဲ့ နှစ်သစ်အခါသမယမှာ ကန်သာယာစင်တာကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး လာမယ့် မြန်မာနှစ်သစ်ကူးမှာလည်း ကန်တော်ကြီးထဲက ငါးပြတိုက်ကို ဖွင့်လှစ်နိုင်ဖို့ ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ နိုင်ငံတကာအဆင့်မီ ငါးပြတိုက်အဖြစ် လုပ်ဆောင်နေတာပါ။ ဒါကြောင့် ကန်တော်ကြီးကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ နောက်ပြီး ကန်တော်ကြီးထဲက လမ်းတွေ၊ တံတားတွေကိုလည်း အဆင့်မြှင့်တင်သွားမှာဖြစ်ပါတယ်။ အခု ကန်သာယာစင်တာကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်လို့ ငါးပြတိုက်နဲ့ ကျန်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပြီးစီးသွားမယ်ဆိုရင် ကန်တော်ကြီးဝန်းကျင်ဟာ အများပြည်သူအတွက် အပန်းဖြေအနားယူစရာ၊ နိုင်ငံတကာက လာရောက်မယ့်သူတွေအတွက် တည်းခိုစရာ၊ ဈေးဝယ်နိုင်စရာနေရာတွေ ပြည့်စုံပြီး မြို့ပြဖွံ့ဖြိုးမှု အမှတ်သင်္ကေတတွေကို မြင်တွေ့နိုင်မယ့်နေရာတစ်ခု ဖြစ်လာမှာပါ။ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ဖို့ အားလုံးဝိုင်းဝန်းကူညီလုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး Steel Structure ဖြင့် ဆောက်လုပ်ထားသည့် ကန်သာယာတာဝါ အဆင့်မြင့်စီမံကိန်းကို မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့် (သိမ်ဖြူယာဉ်မောင်းသင်တန်းကျောင်းနေရာ)ရှိ မြေဧရိယာ အကျယ်အဝန်း ၃ ဒသမ ၅၂ ဧကပေါ်၌ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်တို့က ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံ၏ နည်းပညာဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၅၀ အကုန်အကျခံ အကျိုးတူပူးပေါင်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ထည့်သွင်းဆောက်လုပ်ထား**

စီမံကိန်းဧရိယာအတွင်း လူနေတိုက်ခန်း ၁၃၂ ခန်းပါဝင်သော Residential Tower၊ ၂၂ ထပ်ရှိ ရုံးခန်း ၁၆၈ ခန်းပါဝင်သော OfficeTower၊ အထပ် ၂၀ ရှိ အခန်းပေါင်း ၃၀၀ ပါဝင်သော Five Star Wyndham Grand Yangon Hotel၊ ၂၃ ထပ်ရှိ အခန်းပေါင်း ၁၇၁ ခန်း ပါဝင်သည့် Serviced Apartment နှင့် မြေညီထပ်တွင် နှစ်ထပ်ဆောက်လုပ်ထားသော Shopping Mall အပါအဝင် နိုင်ငံတကာ အဆင့်မီ ရုပ်ရှင်ရုံ ငါးရုံနှင့် ဈေးဆိုင်ခန်းများ ထည့်သွင်းဆောက်လုပ်ထားကာ မော်တော်ယာဉ် ၅၅၉ စီး ရပ်နားနိုင်သော ကားပါကင်နှင့် အရေးပေါ် မီးသတ်စနစ်အတွက် ဓာတ်လှေကားများ ထည့်သွင်းဆောက်လုပ်ထားကြောင်း သိရသည်။

"ဟိုတယ်မှာ လူဦးရေ ၅၀၀ ကျော် အလုပ်အကိုင်အခွင့်အလမ်းရရှိကြမှာဖြစ်ပြီး ရုံးခန်းအပါအဝင် တခြားအဆောက်အအုံတွေပါဆိုရင် လူဦးရေတစ်ထောင်ကျော်လောက် အလုပ်အကိုင်ရရှိကြမှာ ဖြစ်ပါတယ်။ ခုဆိုရင် ဟိုတယ်မှာ မြို့နယ်အသီးသီးက လူဦးရေ ၅၀၀ ကျော်ကို အလုပ်ခန့်ပြီးပါပြီ။ ပြီးတော့ အလုပ်ကိစ္စဖြစ်ဖြစ်၊ အလည်အပတ်ဖြစ်ဖြစ် ပြည်ပကလာရောက်ကြမယ့် နိုင်ငံခြားသားတွေလည်း အဆင်ပြေစွာတည်းခိုနိုင်မှာဖြစ်ပါတယ်" ဟု စီမံကိန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ခိုင်က ပြောသည်။

ကန်သာယာတာဝါ အဆင့်မြင့်စီမံကိန်း တည်ဆောက်ရန်အတွက် ၂၀၁၃ ခုနှစ် မေ ၁၁ ရက်တွင် Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူ ပူးပေါင်းတည်ဆောက်ရန် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ယင်းနှစ် ဒီဇင်ဘာလတွင် စီမံကိန်းမြေတူးဖော်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းအတွင်းရှိ ဟိုတယ်အပါအဝင် ရုံးခန်းများနှင့် လူနေတိုက်ခန်းများအား စီမံခန့်ခွဲမှုအပိုင်းကို နိုင်ငံအသီးသီးတွင် ဟိုတယ်အလုံးရေ ၇၀၀၀ ကျော်၊ အခန်းပေါင်း ၅၀၀၀၀ ကျော်ပိုင်ဆိုင်သော အမေရိကန်နိုင်ငံရှိ American Wyndham Hotel And Resorts ကုမ္ပဏီက စီမံခန့်ခွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ရာမညာ၊ ပွင့်သစ္စာ**

## သတင်းပဒေသာ သိမှတ်ဖွယ်ရာ

### ဆေးလိပ်ကင်းစင်သော တက္ကသိုလ်ဖြစ်ရေး အသိပညာပေးဟောပြောပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် ဆေးလိပ်ကင်းစင်သော တက္ကသိုလ်ဖြစ်ရေး ရည်ရွယ်ကာ ဆေးလိပ်နှင့်ဆေးရွက်ကြီး ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီ တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### စိမ်းပြာရေညှိအကြောင်း ဟောပြောမည်

အာဟာရပညာရှင် ဒေါက်တာအောင်ဖုန်းဇော်နှင့် ဂျပန်နိုင်ငံမှ ရေညှိနှင့်ပတ်သက်သော သိပ္ပံပညာရှင်များက ဘွန်စွန်း စိမ်းပြာရေညှိအကြောင်း သိကောင်းစရာများကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂နာရီမှ ညနေ ၅ နာရီအထိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

### ရန်ကုန်၌ နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပမည်

ရန်ကုန်မြို့တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပြည်လမ်း မာလာဆောင်မှတ်တိုင်အနီး ယုဒသန်ခန်းမကြီး၌ ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

### စာပေဟောပြောပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

နာမည်ကြီးစာရေးဆရာများဖြစ်ကြသည့် ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၊ ဆရာမောင်သာချိုနှင့် ဆရာမဂျူးတို့သည် ဇန်နဝါရီ ၁၂ ရက် ည ၇ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် သန္တာလမ်းတွင် ခေတ်မီးအိမ် လူငယ်ဖွံ့ဖြိုးရေးစာကြည့်တိုက်တည်ထောင်ခြင်း ၃ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲနှင့်စာအုပ်ဈေးရောင်းပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### ပန်းချီဆရာ ၁၇ ဦး၏ ပန်းချီပြပွဲ ကျင်းပမည်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်) မှ ကြီးမှူး၍ နာမည်ကျော် ပန်းချီဆရာ ၁၇ ဦး၏ လက်ရာမွန် ပန်းချီပြပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ခင်းကျင်းပြသမည်ဖြစ်ရာ ပြပွဲချိန် နံနက် ၉နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

### မြန်မာ-ဂျပန် ဂီတပွဲတော် ကျင်းပမည်

မြန်မာ-ဂျပန်ဂီတပွဲတော်ကို နှစ်နေရာခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ ဇန်နဝါရီ ၁၈ ရက် ညနေ ၆ နာရီတွင် ရန်ကုန်အမျိုးသားဇာတ်ရုံ၌လည်းကောင်း ၊ ဇန်နဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ(၂)၌လည်းကောင်း ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ ဝင်ကြေးအခမဲ့ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး**

### ဆရာ ဆရာမများ၏ လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲ ကျင်းပမည်

ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၏ လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲကို မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဘယ်လင်းရွာရှိ နည်းပညာမြှင့်တင်ရေးသင်တန်းဌာန(ဘယ်လင်း)၌ ဇန်နဝါရီ ၁၁ ရက် ညနေ ၃ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားတွင် လက်တွေ့ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲ၏ ပြိုင်ပွဲဝင် ခေါင်းစဉ်များအလိုက် ဆုရရှိကြသည့် ဆရာ ဆရာမများ၏ ဆုရ Project များကိုလည်း ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သိရသည်။

### (၅) ကီလိုမီတာအပြေးပြိုင်ပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပမည်

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် "Myanmar Union Day Peace Run" (၅) ကီလိုမီတာအပြေးပြိုင်ပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် "Myanmar Union Day Peace Run" (၅) ကီလိုမီတာအပြေးပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အစိုးရအဖွဲ့ ရုံးစိုက်ရာမြို့ကြီးများတွင် တစ်ရက်တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

### (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်လအတွင်း ကျင်းပမည်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ဦးစီး၍ ၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်လအတွင်း ကျင်းပမည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ သိရသည်။

နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၁ ရက်မှ ၂၀ ရက် အထိ ၁၀ ရက်ကြာ ကျင်းပမည့် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အချောထည်များနှင့် ကျောက်စိမ်းအတွဲများကို ခင်းကျင်းပြသပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ရတနာကုန်သည်များ လာရောက်လေ့လာ ဝယ်ယူကြည့်ရှုနိုင်မည်ဖြစ်သည်။

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၄ ရက်မှ ၂၉ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၅၂၅၉ တွဲကို ရောင်းချနိုင်ခဲ့ပြီး ယူရိုငွေ ၄၂၃ ဒသမ ၁၁၈ သန်း ရရှိခဲ့ကြောင်း သိရသည်။

### ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီအစည်းအဝေး ကျင်းပမည်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# ဒိုင်းနက်(ခေါ်) သက္ကမလူမျိုးတို့၏ အမျိုးသားနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဘူးသီးတောင် ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ်အတွင်းရှိ ဒိုင်းနက်(ခေါ်)သက္ကမလူမျိုးများ၏(၈)ကြိမ်မြောက် အမျိုးသားနေ့ကို ယမန်နေ့ နံနက် ၉ နာရီက ဘူးသီးတောင်မြို့နယ်မြောက်ပိုင်း လောင်းချောင်းကျေးရွာ၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ဒိုင်းနက်ရိုးရာဓလေ့ အဆို၊ အက၊ အတီး၊ အမှုတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဒိုင်းနက်(ခေါ်) သက္ကမအမျိုးသားနေ့ကို ၎င်းတို့လူမျိုးများ၏ မူရင်းအမည်ဖြစ်သည့် သက္ကမအမည် ပြန်လည်အသက်ဝင်လာစေရန်၊ မိခင်ဘာသာစကားနှင့် စာပေများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ယဉ်ကျေးမှုရိုးရာအဝတ်အစား ပြန်လည်ရှင်သန်လာစေရန်နှင့် နိုင်ငံတကာတွင် ရောက်ရှိနေသည့် သက္ကမ လူမျိုးများနှင့် အပြန်အလှန်ဆက်သွယ်လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ကျင်းပရေးကော်မတီမှ တာဝန်ရှိသူ ဦးထွန်းဖြူက ပြောသည်။

ဒိုင်းနက်လူမျိုးများသည် မြို၊ ခမီ၊ သက်၊ မရမာကြီးအစရှိသော ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင်များဖြစ်ပြီး ဘူးသီးတောင်၊ မောင်တောအပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ပျံ့နှံ့နေထိုင်လျက်ရှိကြောင်း၊ ဒိုင်းနက်လူမျိုးများ၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ပျောက်ပျက်မသွားစေရန် ဒေသနေဒိုင်းနက်လူမျိုးများက ဆက်လက်ထိန်းသိမ်းထားကြကြောင်း သိရသည်။

ဒိုင်းနက်(ခေါ်)သက္ကမလူမျိုးတို့၏ အမျိုးသားနေ့ကို ၂၀၁၂ ခုနှစ်က စတင်ကျင်းပလာခဲ့ပြီး ပထမဆုံးအကြိမ်ကို မင်းပြားမြို့နယ် လက်ပန်ကုန်းကျေးရွာတွင် ကျင်းပခဲ့ကြောင်း၊ နှစ်စဉ် ရခိုင်ပြည်နယ်အတွင်းရှိ ဒိုင်းနက်လူမျိုးများနေထိုင်ရာ မြို့နယ်များကိုရွေးချယ်ကာ ကျေးရွာများ၌ ကျင်းပလေ့ရှိကြောင်း၊ ယခုနှစ် ဒိုင်းနက်(ခေါ်) သက္ကမလူမျိုးများ၏ (၈)ကြိမ်မြောက် အမျိုးသားနေ့ကို ဘူးသီးတောင်မြို့နယ် လောင်းချောင်းကျေးရွာကို ရွေးချယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်သိန်း၊ ဘူးသီးတောင်မြို့နယ် ရခိုင်အမျိုးသားပါတီ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ရခိုင်မျိုးနွယ်စုဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘူးသီးတောင်မြို့နယ်၌ တာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သည့်တပ်ဖွဲ့ဝင်များ၏ မိသားစုများအား ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တာဝန်ထမ်းဆောင်စဉ် AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် ကျဆုံးသွားခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၏ မိသားစု နေအိမ်များသို့ သက်ဆိုင်ရာရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု နှစ်သိမ့်အားပေးစကားများ ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပေးအပ်သည့်ထောက်ပံ့ငွေများအား သွားရောက်ပေးအပ်သည်။

ဇန်နဝါရီ ၅ ရက်တွင် အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူး ဇော်လင်းအောင် ဦးစီးသည့် တပ်ဖွဲ့ဝင်များက မိုင်တိုင်အမှတ်(၅၀)အနီး နယ်စပ်ခြံစည်းရိုးကာရံခြင်း လုပ်ငန်းလုပ်ကိုင်နေသော ရဲတပ်သား သန့်ဇင်မင်း၏ ကျန်ရစ်သူမိသားစုနှင့် တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားများပြောကြားပြီး ဖခင်ဖြစ်သူ ဦးမင်းရွှေထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းအားလည်းကောင်း။



ရဲဒုတပ်ကြပ် သန်းရွှေဦး၏ ကျန်ရစ်သူမိသားစုအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။



ရဲတပ်ကြပ် မျိုးမြင့်၏ ကျန်ရစ်သူမိသားစုအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

ဇန်နဝါရီ ၆ ရက်တွင် အမှတ်(၃) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ကျော်ဇော ဦးစီးသည့် တပ်ဖွဲ့ဝင်များက တောင်ဘဇာနယ်မြေရုံး၌ ရဲဒုတပ်ကြပ် ထွန်းလှ၏ကျန်ရစ်သူမိသားစုနှင့်တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားများ ပြောကြားပြီး ဇနီးဖြစ်သူ ဒေါ်စောမြထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းအားလည်းကောင်း။

အမှတ်(၈) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲမှူး ရဲဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက ရဲဒုတပ်ကြပ် သန်းရွှေဦး၏ ကျန်ရစ်သူမိသားစုအား ငမြင်းဘော်ကျေးရွာ၌ သွားရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားများ ပြောကြားပြီး ဇနီးဖြစ်သူ ဒေါ်ခိုင်ယုံထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းအား လည်းကောင်း။

ဇန်နဝါရီ ၇ ရက်တွင် အမှတ်(၁) နယ်ခြားစောင့် ကွပ်ကဲမှုအဖွဲ့ခွဲမှ ရဲမှူး အောင်မြတ်ဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များက ရဲတပ်ကြပ် မျိုးမြင့်၏ ကျန်ရစ်သူမိသားစုနှင့် တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားများပြောကြားပြီး ဇနီးဖြစ်သူ ဒေါ်မြတ်မြတ်စိုးထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းအားလည်းကောင်း သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



**ဘူးသီးတောင် နယ်ခြားစောင့်ရဲကင်းတိုက်ခိုက်ခံရမှုတွင် ကျဆုံးသွားသော ရဲတပ်သား ဖာ့ဖာ၏ ကျန်ရစ်သူမိသားစုအား အမှတ်(၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရှမ်း/အရှေ့) ယာဉ်ထိန်းရဲတပ်ဖွဲ့က ထောက်ပံ့သည့်ငွေကျပ် ၂၆၃၀၀၀ နှင့် အလှူရှင်မိသားစုတစ်စုက လှူဒါန်းသည့်ငွေကျပ် နှစ်သိန်းတို့ကို ဇန်နဝါရီ ၇ ရက်က ကျိုင်းတုံခရိုင်ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးအပ်စဉ်။**

မင်းမင်းလတ် (ရုပ်ဗေဒ)

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

**တောင်ငူ ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက တောင်ငူခရိုင် မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပရာ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြား၍ တောင်ငူခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဝင်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းကြီးကြပ်ရေး ကော်မတီဝင်များ၊ ဧည့်သည်တော်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား ၅၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**၁၂၉**

# ကဝမြို့နယ်တွင် ဆပ်ပြာချက်နည်းသင်တန်းဆင်း

**ကဝ ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သော ဆပ်ပြာချက်နည်းသင်တန်းဆင်းပွဲကို ကဝမြို့နယ် သက္ကလမြို့ ဈေးကြီးရပ်ကွက်အရှေ့ပိုင်း၌ ဇန်နဝါရီ ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်က သင်တန်းမှရရှိသော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းဦးက မိမိသင်ယူတတ်မြောက်ထားသော ပညာရပ်များကို တစ်ပိုင်တစ်နိုင်စီးပွားရေးအတွက် အကျိုးရှိရှိ အသုံးပြုနိုင်ရန်နှင့် မိမိတို့မိသားစုအတွက် ပိုနေသောအချိန်များတွင် စီးပွားရေးကဏ္ဍတစ်ခုအဖြစ် လုပ်ကိုင်နိုင်ရန် အဆိုပါသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ငြိမ်းချမ်း(ပြန်/ဆက်)**

# တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော် ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအဖွဲ့က ကြီးမှူးကျင်းပမည့် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" အမည်ရှိ မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ခြောက်ရက်တိုင် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး(ထွေအုပ်ခန်းမ)၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။



**တိုင်းရင်းသားအားလုံး တက်ရောက်နိုင်ဖို့**

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအဖွဲ့မှ အထွေထွေအတွင်းရေးမှူး မင်းဗညားစန်းက "ဒီပွဲတော်ကို တိုင်းရင်းသားအားလုံး တက်ရောက်နိုင်ဖို့အတွက် စီစဉ်ထားပါတယ်။ တိုင်းရင်းသားတွေရဲ့အစားအသောက်၊ ဒေသထုတ်ကုန်တွေ၊ ရိုးရာယဉ်ကျေးမှုပစ္စည်းတွေ၊ အကအလှသီချင်းတွေ ဒါတွေအားလုံးကို တစ်ပြိုင်တည်းပြသမှာဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးကလည်း ကိုယ့်တိုင်းရင်းသားအပြင် အခြားတိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှု အကအလှနဲ့ ကျန်တဲ့ ပစ္စည်းတွေရော လုပ်ငန်းတွေပါ တစ်ခါတည်း လေ့လာခွင့်ရဖို့အတွက် ရည်ရွယ်ပြီး ဒီပွဲတော်ကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါပွဲတော်တွင် တိုင်းရင်းသားလူမျိုးများ တစ်စုချင်းစီ၏ အကအလှများ၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုရိုးရာဓလေ့၊ နေထိုင်မှုပုံစံများနှင့် ရိုးရာအသုံးအဆောင်ပစ္စည်းများကို တစုတစည်းတည်း ဖော်ပြထားသည့် ပြခန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် မိမိတို့ ကုန်ပစ္စည်းများကို တစုတဝေးတည်း၊ တစ်နေရာတည်းတွင် ပြသရောင်းချနိုင်သည့် ပြခန်းများ၊ လူမျိုးဘာသာမရွေး စားသောက်နိုင်သည့် တိုင်းရင်းသားရိုးရာ အစားအသောက်ညစျေးတန်းများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်သည့် မီးအလှပြင်ဆင်ထားရှိမှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သီဆိုဖျော်ဖြေမှုများပါဝင်**

ထို့ပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် R ဇာနည်၊ ရေဗက္ကာဝင်း၊ အမွန်း၊ ဆုန်သင်းပါရ်၊ ချစ်သုဝေ၊ နီနီခင်ဇော်၊ မိစန္ဒီ၊ အောင်ထက်၊ ဖြိုးပြည့်စုံ၊ ဂျူဝယ်လ်၊ ဝင်းကိုခိုင်၊ ညီမင်းခိုင်၊ စံပီး၊ ဟက်ကက်၊ ကယ်ရိုလိုင်း၊ နမ့်ချစ်နဒီဇော်၊ နီလန်း၊ လိမ္မော်သီး၊ ဆိုင်စံ၊ စောလားထော်ဝါး၊ ဂျက်ဆင်ထွန်း၊ စောဖိုးခွား၊ ဘရန်စိုင်းနော်၊ စိုင်းအောင်ထီးခမ်း၊ လီလီမြင့် အစရှိသည့် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများအပြင် တိုင်းရင်းသားအလှမယ်ရွေးချယ်ပွဲကြီးနှင့် တိုင်းရင်းသားရိုးရာ အကအလှများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က "ဒီပွဲက စီးပွားရှာတဲ့ ပွဲမဟုတ်ပါဘူး။ အမြတ်အစွန်းက အဓိကမကျပါဘူး။ အဓိကက တိုင်းရင်းသားဒေသတွေမှာ ဘာတွေထွက်ကုန်ရှိတယ်၊ ဘယ်လိုယဉ်ကျေးမှုရှိတယ်၊ ဘယ်လိုခရီးတွေသွားလို့ရတယ်စသဖြင့်ပေါ့၊ ဥပမာ ရခိုင်ဒေသမှာ ပြဿနာတက်တယ်ဆိုပြီး လူတွေမလာရဲကြဘူး။ ဒါပေမယ့် ရှမ်းပြည်နယ်မှာ အေးချမ်းတယ်၊ ပုဂံမှာအေးချမ်းတယ်၊ တခြားအေးချမ်းလှပတဲ့နေရာတွေ အများကြီးရှိတယ်။ ရခိုင်မှာလည်း ဖြစ်တဲ့နေရာကတစ်ကဏ္ဍ၊ သွားလို့ လာလို့ရတဲ့ နေရာတွေက တစ်ကဏ္ဍရှိတယ်ဆိုတာ အားလုံးကို အသိပေးချင်တာပါ"ဟု ပြောသည်။

**ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရန်**

အဆိုပါပွဲတော်ကို တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုကို ပြသနိုင်ရန်၊ တိုင်းရင်းသားအားလုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရန်၊ တိုင်းရင်းသား ဒေသအသီးသီးရှိ စိတ်ဝင်စားဖွယ်ကောင်းသော တောတောင် ရေမြေ အလှအပသဘာဝများကို နိုင်ငံသူ နိုင်ငံသားများသာမက နိုင်ငံခြားသားများပါ လေ့လာသိရှိနိုင်ရန်၊ ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ တိုင်းရင်းသားများ၏ ဒေသထုတ်ကုန်များနှင့် ရိုးရာအဝတ်အထည်များကို နိုင်ငံအတွင်းသာမက နိုင်ငံတကာသို့ပါ ဈေးကွက်တင်ပို့ရောင်းချနိုင်ရန်နှင့် တိုင်းရင်းသားလူငယ်များ အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

**သီသီမင်း**

---

# ဇန်နဝါရီ ၁၁ ရက်တွင် ရုံတင်ပြသမည့် ဟောက်စား ရုပ်ရှင်ဇာတ်ကားအထူးပွဲပြသ

သတင်း - ဥမ္မာသန့်၊ မိမိဖြိုး
ဓာတ်ပုံ - ပန်းသစ္စာ

**ရန်ကုန် ဇန်နဝါရီ ၈**

ဒါရိုက်တာ ပြည့်ဟိန်းသီဟ ရိုက်ကူးထားသည့် ဟောက်စားရုပ်ရှင်ဇာတ်ကားအထူးပွဲကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့သည်။

ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူ ကိုဘိုဆန်း (Bo Bo ရုပ်ရှင်ထုတ်လုပ်ရေး)က "ဒီဟောက်စားဇာတ်ကားကို ဇာတ်လမ်းရေးဆရာ ကိုနတ်စောင်းက လာပြတယ်။ ဇာတ်ညွှန်းကို သက်ဦးမောင်က ဇာတ်ညွှန်းတွဲပြီး ကျွန်တော်ရယ်၊ ကိုမြင့်မြတ်ရယ်၊ ကိုကျော်ကျော်ဗိုလ်တို့ပေါင်းပြီး ဟာသဇာတ်ကားလေး ရိုက်ဖြစ်ကြတယ်။ ဒီနှစ်ထဲမှာ ကျွန်တော့်ရဲ့ ပထမဆုံးဇာတ်ကားပါ။ ဒါရိုက်တာပြည့်ဟိန်းသီဟကလည်း အကောင်းဆုံးရိုက်ထားပြီး ဟာသသရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင် ထားပါတယ်။ ၂၀၁၉ ခုနှစ်အတွက် ဟာသဇာတ်ကားပါ။ နှစ်သစ်မှာ ပရိသတ်ပျော်ရွှင်စေမယ့် ဇာတ်ကားပါ။ ပညာပေးလည်းပါတယ်။ အဓိကကတော့ ဟာသပိုင်းပါ။ ဒီဇာတ်ကားမှာ အဓိက သရုပ်ဆောင် ကိုမြင့်မြတ်၊ အိချောပို၊ ကျော်ကျော်ဗိုလ်နဲ့ သရုပ်ဆောင်ပေါင်းများစွာက အကောင်းဆုံး သရုပ်ဆောင်ထားပါတယ်။ ပရိသတ်တွေ နှစ်သစ်မှာ လာရောက် ကြည့်ရှုအားပေးကြပါ" ဟု ပြောသည်။



အိချောပို





အကယ်ဒမီဝါဝါအောင်



တက္ကသိုလ်ဂွမ်းပုံ



စိန်သီး



ကိုဘိုဆန်း

သရုပ်ဆောင် ကျော်ကျော်ဗိုလ် က "ဒီဇာတ်ကားကို ရိုက်ကူးနေကျနေရာမဟုတ်တဲ့ ကရင်ပြည်နယ် ဘားအံဘက်မှာ ပျော်ပျော်ပါးပါးရိုက်ကူးခဲ့တဲ့ ဇာတ်ကားလေးပါ။ ပရိသတ်တွေအတွက် ပျော်ရွှင်မှုသက်သက် ဖန်တီးထားတဲ့ ဟာသဇာတ်ကားပါ။ ဟာသဇာတ်ပို့ဇာတ်ရံများစွာ သရုပ်ဆောင်ထားပြီး ပရိသတ်တွေကို လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင် အိချောပိုက အဆိုပါဇာတ်ကားတွင် သိုင်းဆရာကြီး ဦးခင်လှိုင်၏ ညီမအနေဖြင့် သရုပ်ဆောင်ထားကြောင်း၊ ပရိသတ်များ ရယ်ရမည့်ဇာတ်ကားဖြစ်၍ အားပေးကြည့်ရှုကြရန် ဖိတ်ခေါ်ကြောင်း ပြောသည်။

သရုပ်ဆောင် အကယ်ဒမီဝါဝါအောင်က "ဒီဇာတ်ကားမှာ ဂျိုကာရဲ့အမေအနေနဲ့ သရုပ်ဆောင်ထားပါတယ်။ ဂျိုကာကဆိုးလွန်းလို့ ထောင်က ပြန်လွတ်လာမယ့်နေ့မှာ ပြန်မလွတ်အောင် ယတြာချေထားပါတယ်။ ဟာသဇာတ်ကားပေမယ့် ပုံစံကတစ်မျိုးလေးပါ။ ပရိသတ်လက်ခံမယ့် တစ်မူထူးခြားတဲ့ ဇာတ်ကားလေးတစ်ကား ဖြစ်ပါတယ်။ လာရောက်ကြည့်ရှုအားပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

တက္ကသိုလ်ဂွမ်းပုံက "ဒီဇာတ်ကားမှာ အိချောပိုရဲ့ အဒေါ်အနေနဲ့ သရုပ်ဆောင်ထားပါတယ်။ ကိုခင်လှိုင်က ရွာမှာ သိုင်းတော်တဲ့သူအဖြစ် သရုပ်ဆောင်ထားတယ်။ ဘားအံဘက်မှာ ရိုက်ထားတဲ့ ဇာတ်ကားပါ။ ဒီဇာတ်ကားမှာ မဂွမ်းတို့ အနုပညာရှင်တွေအားလုံး စုစုစည်းစည်းနဲ့ ကြိုးစားထားပါတယ်။ ပရိသတ်တွေကို လာရောက်ကြည့်ရှုဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

သရုပ်ဆောင်စိန်သီးက အဆိုပါဇာတ်ကားတွင် မိမိနှင့် ကိုအုန်းသီးပူးတွဲ သရုပ်ဆောင်ထားကြောင်း၊ ပျော်စရာ ဇာတ်ကားလေးဖြစ်၍ ပရိသတ်များ ဤဇာတ်ကားလေးကြည့်ပြီး အမောအပန်းဖြေပါဟု ပြောသည်။

ဟောက်စားရုပ်ရှင်ဇာတ်ကားတွင် အကယ်ဒမီ မြင့်မြတ်၊ ကျော်ကျော်ဗိုလ်၊ အိချောပို၊ ခင်လှိုင်၊ ဂျိုကာ၊ တက္ကသိုလ်ဂွမ်းပုံတို့နှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားပြီး ဇန်နဝါရီ ၁၁ ရက်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည် ဖြစ်သည်။

---

# ရွှေဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေးရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် အခွန်ဦးစီးဌာနမှူးရုံးမှ ရွှေဆိုင်လုပ်ငန်းရှင်များအား ဖိတ်ကြားပြီး ရွှေထည်လက်ဝတ်ရတနာ အရောင်းပြေစာများအပေါ်တွင် ကပ်နှိပ်သည့် ကုန်သွယ်ရေးလုပ်ငန်းခွန်၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းကိစ္စရပ်များအား အခွန်ပညာပေးရှင်းလင်းပွဲကို ဒီဇင်ဘာလ နောက်ဆုံးပတ်က ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး သူရ ဦးထင်ကျော်မိုးက အခွန်အမှတ် တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းစဉ်များ၊ အခွန်ပေးသွင်းရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အလားတူ သီရိဂါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ လယ်ဝေးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ တပ်ကုန်း အခွန်ဦးစီးဌာနမှူးရုံးတို့မှ ရွှေဆိုင်လုပ်ငန်းရှင်များအား ဖိတ်ကြားပြီး အခွန်ရှင်းလင်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုကိုရူပ (နေပြည်တော်)**

---

# တနိုင်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်

**တနိုင်း ဇန်နဝါရီ ၈**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၁၉)ဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ကင်ဆားရာရပ်ကွက် မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တနိုင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနောင်နဂျာတန်က အဖွင့်အမှာစကားပြောကြားပြီး တနိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဆုဦးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ သင်တန်းသား ၅၀ အတွက် တူညီဝတ်စုံနှင့် စာရေးကိရိယာများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းယဉ်နှင့် မြို့နယ်လဝကဦးစီးမှူး ဦးအောင်မြို့တို့က ပေးအပ်ခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနောင်နဂျာတန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဆုဦးနှင့် ဌာနဆိုင်ရာများက ပြသထားသည့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများအား ကြည့်ရှုခဲ့ကြသည်။ အဆိုပါသင်တန်းကို သင်တန်းသား ၅၀ ဖြင့် လေးပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ပေကျင်းမြို့သို့ မကြေညာဘဲ ရောက်ရှိ

**ပေကျင်း ဇန်နဝါရီ ၈**

မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရန် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ဇန်နဝါရီ ၈ ရက်တွင် မကြေညာဘဲရောက်ရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ သံတမန်ဆက်ဆံရေးတွင် အရေးပါသော မဟာမိတ်ဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံ၏ အဓိကကျသော ကုန်သွယ်ရေးနှင့် အထောက်အပံ့များကူညီထောက်ပံ့နေသည့် အရင်းအမြစ်လည်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ယခုခရီးစဉ်သည် တရုတ်နိုင်ငံသို့ စတုတ္ထအကြိမ်လာရောက်သည့် ခရီးစဉ်ဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် တရုတ်ခေါင်းဆောင်များနှင့် နှစ်နိုင်ငံကိစ္စရပ်များကို ဆွေးနွေးမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသော်လည်း ကင်ဂျုံအန်၏ ခရီးစဉ်နှင့်ပတ်သက်၍ အသေးစိတ်ပြောကြားခြင်း မရှိပေ။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ၎င်း၏ဇနီး ရီဆိုဂျူအပါအဝင် အထက်တန်းတာဝန်ရှိသူအချို့နှင့်အတူ ၎င်း၏သီးသန့်ရထားဖြင့် ဇန်နဝါရီ ၇ ရက်တွင် ပြုံယမ်းမြို့မှ ပေကျင်းမြို့သို့ ထွက်ခွာခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းဌာန (ကေစီအင်န်အေ)က သတင်းဖော်ပြသည်။

**အေအက်ဖ်ပီ**

# ပိုင်ဆိုင်မှု အငြင်းပွားနေသည့် ကျွန်းများအနီး အမေရိကန်ရေတပ်စစ်ရေယာဉ် ခုတ်မောင်း

**တိုကျို ဇန်နဝါရီ ၈**

တောင်တရုတ်ပင်လယ်ဒေသအတွင်း လွတ်လပ်သောရေကြောင်းသွားလာမှု စစ်ဆင်ရေးအဖြစ် အငြင်းပွားနေသည့် ကျွန်းများအနီးရှိ ရေပြင်တွင် အမေရိကန်ရေတပ်မှ စစ်ရေယာဉ်တစ်စင်းခုတ်မောင်းသွားခဲ့ကြောင်း၊ တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံအကြား ခါးသီးသော ကုန်သွယ်ရေးစစ်ပွဲကို ဖြေရှင်းနိုင်ရေးအတွက် ရည်ရွယ်ကာ ဆွေးနွေးမှုများ ပြုလုပ်နေစဉ်အတွင်း ယင်းဖြစ်ရပ်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အမေရိကန်ရေတပ်မှ ပဲ့ထိန်းဒုံးပျံတင် ဖျက်သင်္ဘော ယူအက်စ်အက်စ် မက်ကယ့်ဘဲလ်သည် ဇန်နဝါရီ ၇ ရက်က ပါရာဘဲလ်ကျွန်းများအနီးမှ ခုတ်မောင်းခဲ့ကြောင်း ပစိဖိတ်ရေယာဉ်စုက ပြောကြားသည်။

တောင်တရုတ်ပင်လယ်အတွင်းရှိ ရေပြင်ဧရိယာအများစုကို ပိုင်ဆိုင်ကြောင်း တရုတ်နိုင်ငံက ကြေညာထားစဉ်တွင် အခြားအာရှနိုင်ငံများကလည်း ထပ်တူထပ်မျှကြေညာထားကြသည်။ တောင်တရုတ်ပင်လယ်ဒေသတွင်း၌ တရုတ်နိုင်ငံ၏ စစ်ရေးအရ တည်ရှိမှုတိုးမြှင့်လာခြင်းကို တန်ပြန်ရန်အတွက် အမေရိကန်က ၎င်းဒေသတွင်း၌ စစ်ရေးလေ့ကျင့်မှုများကို မကြာခဏပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# နိုင်ဂျီးရီးယားတပ်ဖွဲ့များက ပြုလုပ်သည့် စစ်ဆင်ရေးတွင် ဘိုကိုဟာရမ် တိုက်ခိုက်ရေးသမား ၁၀၀ ကျော် သေဆုံး

**အဘူဂျာ ဇန်နဝါရီ ၈**

နိုင်ဂျီးရီးယား အစိုးရတပ်ဖွဲ့များက နိုင်ငံ အရှေ့မြောက်ဘက်ဒေသရှိ ဘိုကိုဟာရမ် အကြမ်းဖက်အဖွဲ့မှ အကြွင်းအကျန်များကို အမြစ်ပြတ်ချေမှုန်းရန်အတွက် နောက်ဆုံးပြုလုပ်ခဲ့သည့် စစ်ဆင်ရေးတွင် ဘိုကိုဟာရမ် တိုက်ခိုက်ရေးသမား ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယားစစ်ဘက်မှ ဇန်နဝါရီ ၇ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။

နိုင်ငံ အရှေ့မြောက်ဘက်ဒေသရှိ ဘိုနိုနှင့် ယိုဘီပြည်နယ်များ၌ နိုင်ဂျီးရီးယားတပ်ဖွဲ့မှ ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးများအပြီးတွင် ဘိုကိုဟာရမ် တိုက်ခိုက်ရေးသမား ၁၀၀ ကျော် သေဆုံးခဲ့သည်ဟု နိုင်ဂျီးရီးယားစစ်ဘက်က ပြောကြားသည်။

၂၀၀၉ ခုနှစ်ကတည်းက နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသကို အစ္စလာမ့်နိုင်ငံထူထောင်ရေးအတွက် ကြိုးပမ်းနေသည့် ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စုကို အဆိုပါစစ်ဆင်ရေးဖြင့် ချေမှုန်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ဘိုကိုဟာရမ် စစ်သွေးကြွများ၏ တိုက်ခိုက်မှုများကြောင့် စစ်ဘေးသင့်ခဲ့သည့် ဒေသများတွင် လိုနီရီ၊ ဒါမာဘက်၊ တရို့စ်ကူဝါ၊ မွန်ဂူနိုနှင့် အခြားနေရာများလည်း ပါဝင်သည်။

ဘိုကိုဟာရမ် အကြမ်းဖက်သမားများ၏ အရည်အသွေးမြင့် လက်နက်များနှင့် ခဲယမ်းမီးကျောက်များကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။ နိုင်ဂျီးရီးယားလေတပ် (အင်န်အေအက်ဖ်)မှ စစ်လေယာဉ်များက မြေပြင်တပ်ဖွဲ့များအား အနီးကပ်လေကြောင်း အထောက်အကူပေးခဲ့ပြီး ဘိုကိုဟာရမ်စစ်သွေးကြွများ၏ စက်သေနတ်တင် ထရပ်ကားအချို့နှင့် အဆောက်အအုံများကို ဖျက်ဆီးခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဆာနီကူကာရှီကာက ပြောကြားခဲ့သည်။



အာဖရိကတိုက်မှ လူဦးရေ အသိပ်သည်းဆုံးဖြစ်သည့် နိုင်ဂျီးရီးယားနိုင်ငံတွင် ဘိုကိုဟာရမ် စစ်သွေးကြွများ၏ တိုက်ခိုက်မှုများကြောင့် လတ်တလောတွင် လူဦးရေ ၂၀၀၀၀ ခန့် သေဆုံးခဲ့ပြီး လူဦးရေ သန်းနှင့်ချီ၍ နေရပ်ဒေသများမှ ရွှေ့ပြောင်းခဲ့ရသည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် ဆီနီဂေါနိုင်ငံ မျှော်လင့်

**ဒါကာ ဇန်နဝါရီ ၈**

တရုတ်နိုင်ငံနှင့် ဆီနီဂေါနိုင်ငံအကြား လက်တွေ့ဆန်သော ဆက်ဆံရေးများက အခြားနိုင်ငံများအတွက် ဥပမာကောင်းတစ်ခုဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံနှင့်အတူ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်ရန် ဆီနီဂေါနိုင်ငံက မျှော်လင့်ကြောင်း ဆီနီဂေါသမ္မတ မက်ကီဆောလ်က ဇန်နဝါရီ ၆ ရက်တွင် ပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တွေ့ဆုံဆွေးနွေးစဉ်တွင် မက်ကီဆောလ်က ယင်းကဲ့သို့ မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ Chang'e-4 လကမ္ဘာသွားယာဉ်သည် လကမ္ဘာ၏ အဝေးဆုံးဘက်ခြမ်းပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်သည့်အပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆီနီဂေါနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်အတူ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု စသည့်နယ်ပယ်များတွင် ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ဆောလ်က ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်အတွင်းက ကျင်းပခဲ့သည့် တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ပေကျင်းထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းမှာ တရုတ်-အာဖရိက ဆက်ဆံရေးတိုးတက်စေရန် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် အမြော်အမြင်ကို ပြသလိုက်ခြင်းဖြစ်ကြောင်းလည်း ဆီနီဂေါသမ္မတ မက်ကီဆောလ်က ပြောကြားသည်။

ထို့ပြင် အာဖရိကပြည်သူများ၏ နှလုံးသားဝယ် မည်သူက မိတ်ဆွေအစစ်အမှန်ဆိုသည်ကို သိကြကြောင်း၊ အာဖရိကနှင့် တရုတ်နိုင်ငံတို့သည် အပြန်အလှန် ရိုသေလေးစားမှု၊ အပြန်အလှန်အကျိုးကျေးဇူးရှိမှု၊ နှစ်ဦးနှစ်ဖက် အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုရှိသော ဆက်ဆံရေးတစ်ခုကို ဝေမျှလျက်ရှိကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် ၂၀၁၈ ခုနှစ်က ဆီနီဂေါနိုင်ငံသို့ အောင်မြင်စွာနှင့် သမိုင်းဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ခိုင်မာသည့်တွန်းအားဖြစ်စေခဲ့ကြောင်း တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားခဲ့သည်။ တရုတ်နိုင်ငံနှင့် ဆီနီဂေါနိုင်ငံအကြား ခိုင်မာသော နိုင်ငံရေးယုံကြည်ချက်က နယ်ပယ်စုံတွင် နှစ်နိုင်ငံ အဆင့်မြင့်ပူးပေါင်းဆောင်ရွက်ရန်အတွက် အုတ်မြစ်တောင့်တင်းစေကြောင်း ဝမ်ယိက ပြောကြားခဲ့သည်။ **ဆင်ဟွာ**



# စတုတ်စီးတီးအသင်းနည်းပြ ဂယ်ရီရိုဝက်အား နည်းပြအဖြစ်မှ ထုတ်ပယ်

ချန်ပီယံရှစ်ကလပ် စတုတ်စီးတီးအသင်းသည် အသင်းနည်းပြ ဂယ်ရီရိုဝက်အား ရှစ်လနီးပါးတာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက် အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်သည်။

အသက် ၄၄ နှစ်အရွယ်ရှိ ရိုဝက်သည် စတုတ်စီးတီးအသင်း ပရီမီယာလိဂ်မှ ချန်ပီယံရှစ်သို့ တန်းဆင်းသွားခဲ့သည့် မေလအတွင်းက နည်းပြအဖြစ်ခန့်အပ်ခြင်းခံခဲ့ရသူဖြစ်သည်။

စတုတ်စီးတီးအသင်းသည် ရာသီမစတင်မီက ချန်ပီယံရှစ်မှ ပရီမီယာလိဂ်သို့ တန်းတက်လာနိုင်မည့်အသင်းတစ်သင်းအဖြစ် ရေပန်းစားနေသော်လည်း လက်ရှိတွင်မူ ချန်ပီယံရှစ်ပွဲစဉ် ၂၆ ပွဲပါဝင်ကစားပေးခဲ့ပြီးချိန်မှာ ရှစ်ပွဲသာလျှင် အနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယား၏ အဆင့် ၁၄ နေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

ထို့ကြောင့် စတုတ်စီးတီးအသင်းက နည်းပြရိုဝက်ကို အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ပြီး စတုတ်စီးတီးအသင်းအနေဖြင့် နည်းပြအဖွဲ့ဝင်တွင် တစ်ဦးအပါအဝင်ဖြစ်သည့် စတုတ်စီးတီး ကွင်းလယ်ကစားသမားဟောင်း ရိုရီဒီလက်ကို ပထမအသင်း၏ ယာယီနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်စေမည်ဖြစ်ကြောင်း သိရသည်။

ရိုဝက်သည် နွေရာသီကာလအတွင်းက ချန်ပီယံရှစ်ပြိုင်ဘက်အသင်းဖြစ်သည့် ဒါဘီကောင်တီအသင်းမှ ထွက်ခွာခဲ့သူလည်းဖြစ်သည်။ ရိုဝက်သည် ၎င်း၏ နည်းပြဘဝကို လိဂ်တူးကလပ် ဘာတန်အသင်းနှင့်အတူ စတင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ချန်ပီယံရှစ်ကလပ် ဘာမင်ဂမ်စီးတီးအသင်းနည်းပြအဖြစ်သို့ ပြောင်းလဲတာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

စတုတ်စီးတီးအသင်းသည် ရိုဝက်ကို နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ပြီးနောက် လက်ရှိတွင် မန်ယူအသင်းနှင့် အဲဗာတန်အသင်းတို့၏ နည်းပြဟောင်းတစ်ဦးဖြစ်သူ ဒေးဗစ်မိုယက်စ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ချိတ်ဆက်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

# မန်စီးတီးက ဒိုင်ဘာလာကို ပစ်မှတ်ထားနေပြီး ဂျူဗင်တပ်ကလည်း ရောင်းချရန် စီစဉ်နေ

မန်စီးတီးအသင်းဟာ အသင်းရဲ့ တိုက်စစ်ပိုင်းကို ထပ်မံအားဖြည့်ဖို့အတွက် ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး ဂျူဗင်တပ်အသင်းကလည်း အဆိုပါကစားသမားကို ရောင်းချဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ဒိုင်ဘာလာဟာ ယခင်က ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားမယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်ခဲ့သူလည်းဖြစ်ပါတယ်။

လက်ရှိမှာ တိုက်စစ်မှူး ဒိုင်ဘာလာကို ခေါ်ယူဖို့ မန်စီးတီးအသင်းက စိတ်ဝင်စားနေတဲ့အပြင် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနဲ့ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူဖို့ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

မန်စီးတီးအသင်းအနေနဲ့ တိုက်စစ်မှူး ဒိုင်ဘာလာကို ခေါ်ယူမယ်ဆိုရင် ပြောင်းရွှေ့ကြေးပေါင် သန်း ၉၀ အထိပေးချေရဖွယ်ရှိနေပြီး အသင်းရဲ့စံချိန်တင်ပြောင်းရွှေ့ကြေးကတော့ ပေါင်သန်း ၆၀ သာရှိသေးတာကို တွေ့ရပါတယ်။ အဲဒါဟာလည်း ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက မာရက်ဇ်ကို ပေါင်သန်း ၆၀ နဲ့ခေါ်ယူခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဒိုင်ဘာလာဟာ ဂျူဗင်တပ်အသင်းမှာ လေးနှစ်ကြာဖြတ်သန်းခဲ့ပြီးဖြစ်ကာ ၂၀၁၅ ခုနှစ်က ပါလာမိုအသင်းကနေ ပြောင်းရွှေ့လာခဲ့ပြီးချိန်ကတည်းက ဂျူဗင်တပ်အသင်းနဲ့အတူ အီတလီစီးရီးအေဖလားတိုင်းကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်







# ဝုလ်ဗာဟမ်တန်ကိုရှုံးပြီး လီဗာပူးအသင်း အက်ဖ်အေဖလားပြိုင်ပွဲမှထွက်ခဲ့ရ

လီဗာပူးအသင်းဟာ အက်ဖ်အေဖလားတတိယအဆင့်ပြိုင်ပွဲမှာ ဝုလ်ဗာဟမ်တန်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် အက်ဖ်အေဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။

လီဗာပူးအသင်းအနေနဲ့ အဲဒီပွဲစဉ်မှာ ပွဲထွက်ကစားသမား ၁၁ ဦးစာရင်းမှာ အသက် ၁၇ နှစ်အရွယ် ကွင်းလယ်ကစားသမား ကာတစ်ဂျုံးစ်နှင့် အသက် ၁၈ နှစ်အရွယ် ရာဖေးလ်ကာမာချိုတို့ကိုထည့်သွင်းခဲ့တဲ့အပြင် ပွဲကစားသမားစာရင်းကို ကိုးဦးအထိအပြောင်းအလဲလုပ်ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် လီဗာပူးအသင်းအနေနဲ့ ပထမပိုင်းပွဲကစားချိန် ၆ မိနစ်မှာပင် ဒဏ်ရာပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ လော့ဗ်ရန်ရဲ့နေရာမှာ အသက် ၁၆ နှစ်အရွယ် နောက်တန်းကစားသမား ကီဂျာနာဟိုဗာကို ထည့်သွင်းကစားစေခဲ့ပါတယ်။

ဒါကြောင့် လီဗာပူးအသင်းအနေနဲ့ အသင်းရဲ့စုဖွဲ့မှု အားနည်းခဲ့ရတာဖြစ်ပြီး ဝုလ်ဗာဟမ်တန်အသင်းကလည်း ကစားသမားစုဖွဲ့မှုအားနည်းနေတဲ့ လီဗာပူးအသင်းကို ပွဲကစားချိန် ၃၈ မိနစ်မတိုင်မီအထိ ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ခက်ခက်ခဲခဲကစားခဲ့ရပါတယ်။

ဒါပေမယ့် ဝုလ်ဗာဟမ်တန်အသင်းက ပွဲကစားချိန် ၃၈ မိနစ်မှာ ဂျီမီနက်ဇ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပါတယ်။ လီဗာပူးအသင်းကတော့ ပွဲကစားချိန် ၅၁ မိနစ်ရောက်မှသာ အိုရီဂီရဲ့ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိတဲ့ သွင်းဂိုးကနေ ချေပဂိုးပြန်လည်ရရှိခဲ့ပါတယ်။ ဒါပေမယ့် လီဗာပူးအသင်းဟာ ပွဲကစားချိန် ၅၅ မိနစ်မှာ ရူဘင်နာဗက်စ်ရဲ့သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရပါတယ်။

ဒါကြောင့် လီဗာပူးအသင်းအနေနဲ့ စတားရစ်နေရာတွင် ဖာမီနို၊ ကာတစ်ဂျုံးစ်နေရာတွင် ဆာလာတို့ကို ထည့်သွင်းခဲ့ပေမယ့် အလုပ်မဖြစ်ခဲ့ဘဲ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဝုလ်ဗာဟမ်တန်ကတော့ အက်ဖ်အေဖလားစတုတ္ထအဆင့်ကို တက်လှမ်းသွားခဲ့ပါတယ်။

# ၂၀၁၉ ခုနှစ် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ အီဂျစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

၂၀၁၉ ခုနှစ်ရဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို အီဂျစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမှာဖြစ်တယ်လို့ အာဖရိကဘောလုံးအဖွဲ့ချုပ်(စီအေအက်ဖ်)က ယနေ့ထုတ်ပြန်ကြေညာလိုက်ပါတယ်။

၂၀၁၉ ခုနှစ် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ အိမ်ရှင် ရွေးချယ်ရေးအတွက် မဲပေးရွေးချယ်မှုကို ဆီနီဂေါနိုင်ငံ၌ ကျင်းပခဲ့တာဖြစ်ပြီး အာဖရိကဘောလုံးအဖွဲ့ချုပ် အမှုဆောင်ကော်မတီမဲပေးရွေးချယ်မှုတွင် အီဂျစ်နိုင်ငံက တောင်အာဖရိကနိုင်ငံကို ၁၆ မဲတစ်မဲနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဇွန်လအတွင်း ကျင်းပမယ့် အဆိုပါ ၂၀၁၉ ခုနှစ် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှာ အသင်းပေါင်း ၂၄ သင်းအထိ ပါဝင်ခွင့်ပြုမှာဖြစ်ပြီး အီဂျစ်နိုင်ငံအနေနဲ့ ယင်းပြိုင်ပွဲအတွက် ပြင်ဆင်မှုခြောက်လအထိ ရရှိမှာလည်းဖြစ်ပါတယ်။

အာဖရိကဘောလုံးအဖွဲ့ချုပ်အနေနဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲအိမ်ရှင်ရွေးချယ်မှုကို မူလက ဇန်နဝါရီ ၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပရန် စီစဉ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

၂၀၂၁ ခုနှစ် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကိုမူ အိုင်ဗရီကို့စ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမှာဖြစ်တယ်လို့လည်း သိရပါတယ်။

အာဖရိကဘောလုံးအဖွဲ့ချုပ်ရဲ့ တစ်နှစ်တာ အာဖရိကအကောင်းဆုံးကစားသမားဆုကိုလည်း ထုတ်ပြန်ကြေညာတော့မှာဖြစ်တယ်လို့လည်း ဆိုပါတယ်။

အဲဒါကြောင့် အဆိုပါအာဖရိကတစ်နှစ်တာအကောင်းဆုံးဆုအတွက် အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာ၊ ဂါဘွန်တိုက်စစ်မှူး အူဘာမီယန်နဲ့ ဆီနီဂေါတိုက်စစ်မှူး ဆာဒီယိုမာနေးတို့ ရေပန်းစားနေပြီး တိုက်စစ်မှူး ဆာလာဟာ ယခုနှစ်မှာလည်း အာဖရိကတစ်နှစ်တာ အကောင်းဆုံးဆုကို ရယူဆွတ်ခူးနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။



# ဘူးသီးတောင်မြို့နယ်၌ လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**မောင်တော ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ပန်းဘဲချောင်းကျေးရွာအနီး တောင်ဘဇာ-ပန်ဇီသွားကားလမ်းပေါ်တွင် ယနေ့နံနက် ၁၀ နာရီက လက်လုပ်မိုင်း နင်းမိပေါက်ကွဲမှုကြောင့် ဆိုင်ကယ်နောက်တွင် လိုက်ပါသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာနေ မမေသန်းနုသည် ဘူးသီးတောင်မြို့နယ် ကျောင်းတောင်အုပ်စု ဂန္ဓရူး(ခမီး)ရွာရှိ ဆွေမျိုးများထံသို့ အလည်အပတ်သွားရောက်ပြီး ဆိုင်ကယ်ကယ်ရီမောင်းသူ ဦးထွန်းလေး၏ ဆိုင်ကယ်ဖြင့် ပြန်လာစဉ် တောင်ဘဇာ-ပန်ဇီသွားကားလမ်းတွင် လက်လုပ်မိုင်း နင်းမိပေါက်ကွဲသဖြင့် မမေသန်းနုတွင် ဝဲဘက်ခြေသလုံးကြွက်သားအလျား ငါးလက်မ၊ အကျယ် နှစ်လက်မခွဲခန့် ပေါက်ပြဲဒဏ်ရာတစ်ချက်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိသူ မမေသန်းနုသည် ဘူးသီးတောင်မြို့ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်မဲ-နောင်ချိုဂုတ်တွင်း ခြောက်ထပ်ကွေ့၌ တွဲယာဉ်တစ်စီး လမ်းချော်၍ လမ်းပိတ်ဆို့မှုဖြစ်

**သီပေါ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ၊ နောင်ချိုဂုတ်တွင်းလမ်းပိုင်း ခြောက်ထပ်ကွေ့၌ လမ်းချော်၍ ၂၂ ဘီးတွဲယာဉ်ကြီးများ မတက်နိုင်ဘဲ ရပ်နေသဖြင့် ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီခွဲအထိ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ကုန်သွယ်ရေးလမ်းကြောင်း မရှိမဖြစ်လမ်းမကြီးဖြစ်သဖြင့် နေ့စဉ် မော်တော်ယာဉ်စီးရေ ငါးထောင်ကျော်ခန့် သွားလာလျက်ရှိရာ ယာဉ်ကြောပိတ်ဆို့မှုကြာရှည်စွာ မဖြစ်စေရေးအတွက် ကျောက်မဲခရိုင် အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဂုတ်တွင်းရဲကင်းမှ တပ်ဖွဲ့ဝင်များ၊ ပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် ဆောင်ရွက်မှုကြောင့် ယနေ့ညနေ ၃ နာရီခွဲတွင် လမ်းပိုင်းပွင့်သွားပြီး ယာဉ်များကို အလှည့်ကျစေလွှတ်ခဲ့သည်။



မော်တော်ယာဉ်များ လမ်းပိတ်ဆို့ရခြင်းမှာ ယခုရက်ပိုင်း မိုးရွာသွန်းမှုနှင့်အတူ ယာဉ်ကြီးများ လမ်းပိတ်ဆို့မှုဖြစ်နေသော်လည်း ယာဉ်ငယ်များမှ ယာဉ်ကြောအပြိုင် လုယက်မောင်းနှင်ခြင်းကြောင့် တောင်ပေါ်ဒေသ လမ်းကျဉ်းသော နေရာများ၌ တစ်စီးနှင့်တစ်စီး ရှောင်တိမ်းမရဘဲ ပိတ်ဆို့ခြင်းဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးက ပြောသည်။

**စိုင်း(သီပေါ)**

# အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် အလောင်းတော်ကဿပ ကပိုင်-သပိတ်ဆေး ဘုရားဖူးလမ်း လမ်းချော်မှုဖြစ်

**ယင်းမာပင် ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်း အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းတည်ရှိသော အလောင်းတော်ကဿပ စံကျောင်းနှင့် ရုပ်ကလာပ်တော် တည်ရှိရာသို့ သွားလာနိုင်သော ကပိုင်-သပိတ်ဆေးဘုရားဖူးလမ်းသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် လမ်းချော်မှုဖြစ်ပွားလျက်ရှိကြောင်း အလောင်းတော်ကဿပအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က ပြောသည်။

"ဇန်နဝါရီ ၇ ရက် ညပိုင်းက နာရီဝက်လောက်ကြာအောင် မိုးရွာတယ်။ ၁၆ မိုင်မှာရှိတဲ့ ချောင်းမကြီးချောင်းအတက်မှာ ကားတွေလမ်းချော်နေတယ်၊ ကျန်တဲ့နေရာတွေမှာတော့ အဆင်ပြေတယ်၊ လမ်းပိတ်မှုမဖြစ်စေဖို့အတွက် အတက်ကားတွေကိုတော့ ကိုးမိုင်စခန်းမှာ ခဏတားထားတယ်။ အခုအခြေအနေအတိုင်း မိုးဆက်ရွာရင်တော့ လမ်းပျက်နိုင်တဲ့ အနေအထားရှိတယ်။ မရွာရင်တော့အဆင်ပြေနိုင်တယ်၊ တောင်ပေါ်က ဆင်းလာတဲ့ ကားတွေကတော့ လမ်းချော်တယ်လို့ ပြောတယ်။ လမ်းခြောက်အောင် စောင့်နေရတယ်"ဟု အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က ဆက်လက်ပြောကြားသည်။

အလောင်းတော်ကဿပစံကျောင်းနှင့် ရုပ်ကလာပ်တော်တည်ရှိရာသို့ သွားလာနိုင်သော ကပိုင်-သပိတ်ဆေးလမ်းအား ဇန်နဝါရီ ၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးနောက် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ လာရောက်လျက်ရှိရာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းတွင် လမ်းချော်မှုဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ကုလားကုတ်ကျွန်း၌ လေပြင်းတိုက်ခတ်

**ရေး ဇန်နဝါရီ ၈**

မော်လမြိုင်ခရိုင် ရေးမြို့နယ် လမိုင်းမြို့ ကုလားကုတ်ကျေးရွာအုပ်စု ကုလားကုတ်အောက်ဆိပ်ကျေးရွာတွင် ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်က လေပြင်းတိုက်ခတ်ရာ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် အိမ်ခြေ ၁၀၀ ခန့် ပျက်စီးဆုံးရှုံးသွားခဲ့ပြီး ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုမရှိကြောင်း၊ လေပြင်းတိုက်ခတ်ရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ရေး (ပြန်/ဆက်)**

# ဧရာဝတီတံတား(ညောင်တုန်း)ရေလမ်းကြောင်းပြောင်းလဲမည်

**နေပြည်တော် ဇန်နဝါရီ ၈**

ဧရာဝတီတံတား(ညောင်တုန်း) ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် RP 12 နှင့် RP 13 အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် RP 11 နှင့် RP 12 အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါရေနည်းကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် RP 15 နှင့် RP 16 အကြားသို့လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် RP 14 နှင့် RP 15 အကြားသို့လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်း၏ ကင်းလွတ်အကျယ်မှာ ၂၆၂ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၇ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်ဖြစ်ပါသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါမီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

**၉-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ "ဆက်သွယ်ကူးသန်းချစ်ကြည်ရေးလမ်း"
- ၈း၄၅ ပညာရေးစကားဝိုင်း"ကျောင်းသား၊ ကျောင်းသူများသုတေသနအခြေပြုသင်ယူခြင်းကို အခြေခံပညာမှစ၍ တက္ကသိုလ်အထိ ဆောင်ရွက်ရန်"
- ၉း၂၅ "ကချင်ပြည်နယ်အတွင်းရှိ အထင်ကရ နေရာများသို့ အလည်အပတ်သွားခြင်း" (အပိုင်း-၁)
- ၁၁း၄၅ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "လူပျိုသိုး. . . ည"(ပြေတီဦး၊ စိုးမြတ်သူဇာ၊ မိုးဟေကို) (ဒါရိုက်တာ-ကျော်သားကြီး)

**ညပိုင်း**

- ၁၆း၃၅ "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင်စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (သင်္ချာဘာသာရပ်)
- ၁၆း၄၅ "မြစ်ကမ်းဘေးကရွာကလေး"
- ၁၇း၀၅ အနုပညာခန်းရိပ်သာ"အလင်္ကာကျော်စွာရွှေမန်းတင်မောင် နှစ်(၁၀၀)ပြည့် အောက်မေ့ဖွယ်ရာ အထိမ်းအမှတ်ဂုဏ်ပြုပွဲ"(အပိုင်း-၂)
- ၁၇း၂၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဟောက်စား"(မြင့်မြတ်၊ ကျော်ကျော်ဗို၊ အိချောပို) (ဒါရိုက်တာ-ပြည်ဟိန်းသီဟ)
- ၁၈း၃၀ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ပျော့သောနှီးဖြင့်ခိုင်အောင်ချည်" (သတ္တိ၊ မေပန်းချီ၊ သန်းသန်းဆင့်၊ ယွန်းဆက်၊ မသီဂီ၊ ဝတ်ရည်နှင်း) [ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)]
- ၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ"စုံထောက်တင်မောင်ဆွေနှင့် မှခင်းဇာတ်လမ်းတွဲ" (အပိုင်း-၄) "ကြာမူရှင်" (ပထမပိုင်း) (ထိုက်တန်လင်း၊ မင်းသာ King၊မေပန်းချီ၊ နေထိုက်၊ ညီကျော်) (ဒါရိုက်တာ-ဟိန်းဇော်)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ "သာစွဌာနေ မော်လိုက်မြေ" -နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်"(အပိုင်း-၃၂) -ရိုးရာယဉ်ကျေးမှုထင်ဟပ်ပေါ်လွင် မြန်မာတို့၏ အနုသုခုမ သဘင်(အလင်္ကာအလွမ်းပြေ) "မြိုင်ထနှစ်ပါးသွားများ" (မင်းသား-ဝင်းဗိုလ်)



## ပြည်ပထွက်မည့် အလုပ်သမားများ အသက်အာမခံထားရှိရေး ဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၈**

ပြည်ပထွက်ခွာ၍ အလုပ်လုပ်ကိုင်မည့် မြန်မာနိုင်ငံသား တရားဝင်အလုပ်သမားများ အသက်အာမခံထားရှိနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်၌ ကျင်းပသည်။

**မေးမြန်းဆွေးနွေး**

ပြည်ပထွက်(တရားဝင်) အလုပ်သမား အသက်အာမခံလုပ်ငန်း အကြောင်းကို မြန်မာ့အာမခံလုပ်ငန်းမှ ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသည့် သက်ဆိုင်ရာ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်း အေဂျင်စီကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူမျာကလည်း လုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

**အကာအကွယ်ပေးနေ**

မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးလျက်ရှိသော မြန်မာနိုင်ငံသား တရားဝင်ပြည်ပအလုပ်သမား အသက်အာမခံလုပ်ငန်းသည် ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများအတွက် အသက်နှင့် ကိုယ်အင်္ဂါထိခိုက်မှု အကာအကွယ်ပေးနေသော အာမခံအမျိုးအစားဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်သူများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာလျက်ရှိရာ မြန်မာနိုင်ငံအလုပ်သမားများ ထိခိုက်မှုတစ်စုံတစ်ရာဖြစ်ပွားလာပါက အာမခံထားရှိခြင်းဖြင့် ထိုက်သင့်သော အာမခံလျော်ကြေးငွေများ ရရှိနိုင်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

**မြင့်စိုး**

## ကယားပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ဂုဏ်ပြု

**လွိုင်ကော် ဇန်နဝါရီ ၈**

ကယားပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနက် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသူများအား ပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်ခြင်းကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အကျိုး၊ ဌာနရည်မှန်းချက်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံတော်မှ ချမှတ်ထားသည့်မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ စိစစ်ပြီး ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ပေးခြင်းသည် ပြည်နယ်အတွက် ပထမဦးဆုံးအကြိမ်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများက မူဘောင်များနှင့်အညီ အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ပြီး ဂုဏ်ပြုထိုက်သူအဖြစ် ချီးမြှင့်ခံရခြင်းအပေါ် မိမိတို့နှင့်ထိုက်တန်၍ ရရှိခြင်းဖြစ်သည်ဟု မှတ်ယူကာ မိမိဌာနအတွင်း စံပြအဖြစ် နေထိုင်လုပ်ကိုင်၍ အခြားသူများ အတုယူလာနိုင်ရေး ဆက်လက် ကြိုးပမ်းဖော်ဆောင်ပေးသွားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကဏ္ဍမှ ၁၃ ဦး၊ စီမံခန့်ခွဲရေးကဏ္ဍမှ ၄၇ ဦး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ နှစ်ဦး၊ လူမှုရေးကဏ္ဍမှ ၂၂ ဦး စုစုပေါင်း ၈၄ ဦးတို့အား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ထွန်းလေး**



## တိုင်းဒေသကြီးနှင့် ပြည်နယ်ဝူရှူး(ဆန်းဆို)ပြိုင်ပွဲတွင် ပထမဒိုင်းဆုရ အားကစားအဖွဲ့အားဂုဏ်ပြု



**ထားဝယ် ဇန်နဝါရီ ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ် ဝူရှူး (ဆန်းဆို)ပြိုင်ပွဲတွင် ပထမဒိုင်းဆု ဆွတ်ခူးရရှိသော တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တိုင်းဒေသကြီးအနေဖြင့် ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သော ဒိုင်းဆုတစ်ခုဖြစ်ပြီး သမိုင်းအသစ်ကို ရေးထိုးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးဝူရှူး(ဆန်းဆို) အဖွဲ့အနေဖြင့် ရရှိပြီးသော အောင်မြင်မှုများကို အနာဂတ်သို့တိုင်အောင် ထိန်းသိမ်း သယ်ဆောင်သွားနိုင်ရန်အတွက် မလျှော့သော ဇွဲ၊ လုံ့လဝီရိယ၊ အားမာန်၊ စိတ်ဓာတ်များနှင့် ဆက်လက်ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝူရှူး (ဆန်းဆို)အသင်းအုပ်ချုပ်သူ ဦးကျော်စိုးမိုးက ပြိုင်ပွဲသွားရောက် ယှဉ်ပြိုင်မှုအပေါ်တွင် ဆုရရှိခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရရှိလာသော ဆုဖလားအား တာဝန်ရှိသူများက တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ အပ်နှံသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝူရှူး (ဆန်းဆို)ပြိုင်ပွဲတွင် ပထမဒိုင်းဆု ဆွတ်ခူးရရှိသော တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် ၁၂ သိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

VICTORIA UNIVERSITY COLLEGE
ENJOY LEARNING ● ENJOY SUCCESS
ISO 9001: 2015 CERTIFIED

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၁၉ ကျောင်းသားကျောင်းသူသစ် များကို ကြိုဆိုပါသည်။



အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူများအတွက်
(၃)နှစ်အတွင်း BTEC HND နှင့် အင်္ဂလန်အစိုးရပိုင် တက္ကသိုလ်မှ

- BA (Hons) Business Management
- BE (Hons) Electronics & Communications Engineering
- BE (Hons) Mechatronics
- BE (Hons) Civil Engineering
- BSc (Hons) Computer Science
- BSc (Hons) Public Health

ဒီဂရီဘွဲ့ ရရှိမည့် အခွင့်အရေး

ရန်ကုန် နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်မည့် ၂၀၁၉ခုနှစ် ဇန်နဝါရီ တန်းခွဲသစ်အတွက် သင်တန်းသားများ စတင်လက်ခံပြီ။

ကျောင်းသားရေးရာဌာန –
ရန်ကုန် – အမှတ် (၁၆၆)၊ MMB Tower၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း ၀၁–၃၈၃၁၃၂၊ ၃၈၃၁၃၃
မန္တလေး – အမှတ် (၁၅၁)၊ ၂၈လမ်း၊ ၇၆ နှင့် ၇၇ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း ၀၂၄၀ – ၃၁၁၅၄၊ ၃၉၆၃၃

# ကျိုက်ထီးရိုးတွင် အမှိုက်ခွဲခြားဖျက်ဆီးသည့်စက်ရုံ တည်ဆောက်ပြီးစီး

**ကျိုက်ထို ဇန်နဝါရီ ၈**
ကျိုက်ထီးရိုးဘုရားဖူးကာလတွင် ထွက်ရှိသော အမှိုက်များကို ဖျက်ဆီးကာ အမျိုးအစားခွဲ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမည့် လုပ်ငန်းလုပ်ကိုင်နိုင်ရန် အမှိုက်ဖျက်ဆီးမည့်စက်ရုံ တည်ဆောက်ထားပြီးဖြစ်ရာ လုပ်ငန်းများကို ဖေဖော်ဝါရီလတွင် စတင်လည်ပတ်တော့မည်ဖြစ်ကြောင်း ရင်ပြင်တော်တာဝန်ခံ ဦးအေးမြင့်သိန်းထံမှ သိရသည်။

ရင်ပြင်တော်နှင့် ထမင်းဆိုင်တန်းဘက်မှ ထွက်ရှိလာသော အမှိုက်များကို အမှိုက်စက်အတွင်း ထည့်၍ ဓာတုဆေးဝါးမပါသောရေဖြင့် ဆေးကြောသန့်စင်ကာ ခွဲခြားရရှိသော အမှိုက်များကို ပြန်လည်အသုံးပြု၍ရသောပစ္စည်း၊ အသုံးပြုမရသောပစ္စည်းနှင့် သဘာဝမြေဩဇာပြုလုပ်နိုင်သောပစ္စည်းဟူ၍ သုံးမျိုးခွဲခြားမည်ဖြစ်ကြောင်း သိရသည်။

"ဘုရားဖူးများတဲ့အချိန်ဆိုရင် အမှိုက်က တစ်ရက်ကို ၁၀ တန်လောက်တော့ထွက်တယ်။ ပုံမှန်အချိန်ဆိုရင် ငါးတန်လောက်ရှိမယ်" ဟု ဦးအေးမြင့်သိန်းက ရှင်းပြသည်။

စက်ရုံစတင်လည်ပတ်အပြီး ခြောက်လခန့်ကာလအတွင်း ရရှိလာမည့် သဘာဝမြေဩဇာများကို ကျိုက်ထီးရိုးတောင်တော် စိမ်းလန်းသာယာလှပရေးလုပ်ငန်းများနှင့် မူလနဂိုရှိရင်းစွဲ အမှိုက်ပုံအဟောင်းများကို ဖုံးအုပ်၍ မြက်မျိုးမြေလျှောက်ပန်းမျိုးများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှ နိုင်ငံခြားသားခရီးသွား ၃၀၀၀၀ နီးပါး ဝင်ရောက်

**တာချီလိတ် ဇန်နဝါရီ ၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိ နေ့ချင်းပြန်၊ ညအိပ်ခရီးစဉ်နှင့် ပြည်တွင်းခရီးစဉ်သို့ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ) နိုင်ငံသားများ အပါအဝင်စုစုပေါင်း ၂၉၈၇၅ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။



တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၃ ရက်ထိ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ဝင်ရောက်လျက်ရှိရာ တာချီလိတ်နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်တွင် ထိုင်းနိုင်ငံသား ၂၇၆၉၂ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား) ၄၂၀ ဦး၊ မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ ခရီးစဉ်သို့ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၄၂၈ ဦး၊ ပြည်တွင်းခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ) နိုင်ငံသားအပါအဝင် နိုင်ငံခြားသားကမ္ဘာလှည့် ခရီးသည် ၁၃၃၄ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့သည်။

ပြည်တွင်းခရီးစဉ်အား တာချီလိတ်မြို့မှ လေယာဉ်ခရီးစဉ် တိုက်ရိုက်ပျံသန်းသည့် မြို့များဖြစ်သော ဟဲဟိုး၊ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုးမြို့များမှတစ်ဆင့် ပြည်တွင်းရှိ အထင်ကရဒေသများသို့ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား နေ့ချင်းပြန်ခရီးသည်စုစုပေါင်း ၇၇၁၆၈၇ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်အဖြစ် ခရီးသည် ၉၃၂၃ ဦး၊ တာချီလိတ်မြို့မှ ဗီဇာဖြင့် ပြည်တွင်းပိုင်းခရီးစဉ်သို့ ၁၆၈၇၀ စုစုပေါင်း ၇၉၇၈၈၀ ဝင်ရောက်လည်ပတ်ခဲ့ကြသည်။

**ဝေယံလင်း(တာချီလိတ်)**

## တိုတိုထွာထွာဖတ်စရာ

### ပဲခူးတွင် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းဝင်သင်တန်းဖွင့်

**ပဲခူး**
ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (ပဲခူးမြို့) တွင် ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲက ပုံဆွဲ(၂)ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်က ဆည်မြောင်းအင်ဂျင်နီယာဆိုင်ရာဘာသာရပ်များ၊ ဝန်ထမ်းစည်းမျဉ်းဆိုင်ရာဘာသာရပ်များနှင့် စပ်လျဉ်း၍ ပြောကြားသည်။

သင်တန်းအား ဇန်နဝါရီ ၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၃ ဦးတက်ရောက်ကြောင်း သိရသည်။

**မျိုးသိန်း(ပဲခူး)**

### ခမ်းပါတ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်

**ခမ်းပါတ်**
မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇန်နဝါရီ ၇ ရက် နံနက်က စစ်ကိုင်းတိုင်းဒေသကြီး ခမ်းပါတ်မြို့ စည်ပင်သာယာဈေးနှင့် ကနန်ကျေးရွာ ကျေးလက်ဈေးတို့တွင် ပြုလုပ်ခဲ့သည်။

ခမ်းပါတ်မြို့စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးသူ ဈေးသားများ၊ ခမ်းပါတ်နယ်မြေ မီးသတ်စခန်းတို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း (ပြန်/ဆက်)**

### ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော်**
ဟိုပုံးမြို့နယ် ပန်လျှန်းကျေးရွာ၏ တောင်ဘက် ၁ မိုင် ၂ ဖာလုံခန့်အကွာ၌ ဇန်နဝါရီ ၇ ရက်တွင် အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၁၇ ဧကကို ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန် ဦးစီးပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့သည်။

ထို့အတူ ဆီဆိုင်မြို့နယ် ထီတန်းကျေးရွာ၌ ဘိန်းစိုက်ခင်း ၁၃ ဧကကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြောင်းမြတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**မြောင်းမြ ဇန်နဝါရီ ၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုတို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက မြောင်းမြမြို့ အထက (၁) ၌ ကျင်းပသည်။

မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး အသိပညာပေးဟောပြောရခြင်းနှင့် မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်အကြောင်းကို ဗဟိုအသင်းဥက္ကဋ္ဌ ဦးစံရှိန်က လည်းကောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် နောက်ဆက်တွဲရောဂါများအကြောင်းကို ဗဟိုအသင်းအတွင်းရေးမှူး ဒေါ်ခင်ခင်ဝင်းကလည်းကောင်း ပြောကြားသည်။

ဆက်လက်ပြီး ကျောင်းသားလူငယ်ထု ဆက်သွယ်ရေးသံတမန် ဟာသသရုပ်ဆောင် ဦးချစ်ချောက မူးယစ်ဆေးဝါးဆိုးကျိုးနှင့် ပတ်သက်၍ လူငယ်များသင်ခန်းစာယူနိုင်ရေး ဟာသပညာနှင့်ရောနှောကာ ပညာပေးဟောပြောသည်။

"ကျောင်းသားလူငယ်တွေ မူးယစ်ဆေးအကြောင်းနဲ့ မူးယစ်ဆေးဝါးရဲ့အမည်နာမတွေ အပြည့်အစုံမသိရင်နေပါစေ၊ အန္တရာယ်နဲ့ ဆိုးကျိုးတွေကို မှတ်မိနားလည်ခဲ့တယ်ဆိုရင် အပင်ပန်းခံပြီး ဟောပြောရကျိုးနပ်ပါပြီ" ဟု ဟာသသရုပ်ဆောင် ဦးချစ်ချောက ပြောသည်။

**အောင်မင်း (မြောင်းမြ)**

# ဈေးချိုတော်နှင့် မန်းမြန်မာပလာဇာ မီးဘေးကာကွယ်ရေးစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၈**
မန္တလေးခရိုင် မီးသတ်ဦးစီးဌာနက ချမ်းအေးသာစံမြို့နယ် ဈေးချိုတော်နှင့် မန်းမြန်မာပလာဇာအတွင်း ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဈေးအတွင်းဆိုင်များ လျှပ်စစ်မီးသုံးစွဲမှု၊ အရေးပေါ်မီးငြိမ်းသတ်သည့် ရေပိုက်နှင့် မီးသတ်ဆေးဘူးများထားရှိမှု၊ မီးသတ်ရေကန်အတွင်း ရေရှိမှု၊ အရေးပေါ်မီးသတ်ရေငုတ်များအခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ပျက်စီးဟောင်းနွမ်းနေသော လျှပ်စစ်ကြိုးများ အသစ်လဲလှယ်အသုံးပြုရန်၊ ဈေးသိမ်းချိန် လျှပ်စစ်မီးများပိတ်ရန်တို့ကို ပညာပေးဆွေးနွေးမှာကြားသည်။

မန္တလေးခရိုင် မီးသတ်ဦးစီးဌာနအနေဖြင့် တံခွန်တိုင်ဈေး၊ ဘုရားကြီးဈေး၊ နန်းရှေ့ဈေး၊ မြနန္ဒာဈေး၊ အမရပူရမြို့နယ် နန်းရတနာဈေးနှင့် ပုသိမ်ကြီးမြို့မဈေးတို့အား စစ်ဆေးခဲ့ပြီး ကျန်ဈေးများအား ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ပဲခူး ဘက်စုံစိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်း၌ တောင်သူဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်လှစ်

**ပဲခူး ဇန်နဝါရီ ၈**
ပဲခူးမြို့ ၁၀ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းတွင် တောင်သူဖွံ့ဖြိုးတိုးတက်ရေးသင်တန်း (Contact Farmer Training -ToT) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှမြင့်က တောင်သူဖွံ့ဖြိုးတိုးတက်ရေးသင်တန်း (Contact Farmer Training-ToT) ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အားရှင်းလင်းတင်ပြခဲ့သည်။

ယခုဖွင့်လှစ်သည့် သင်တန်းအား တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် သင်တန်းသားသင်တန်းသူ ၃၅ ဦး တက်ရောက်လျက်ရှိကာ ဇန်နဝါရီ ၁၁ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။



လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ချမှတ်ထားသော လယ်ယာကဏ္ဍဆိုင်ရာမူဝါဒများ၊ မျိုးစေ့ဆိုင်ရာမူဝါဒများ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့်၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍများကို သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကိုရီးယားနိုင်ငံမှ သင်ထောက်ကူပန်းချီကားများ ကူညီထောက်ပံ့

**ချောက် ဇန်နဝါရီ ၈**
ကိုရီးယားနိုင်ငံ Chonbuk National University ကျောင်းသား ကျောင်းသူများက ချောက်မြို့နယ် ကျောက်တန်းကျေးရွာမှ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် သနပ်ခါးပင် ၂၅၀၀ နှင့် သင်ထောက်ကူပန်းချီကားများ ကူညီထောက်ပံ့မှုကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

Chonbuk National University ကျောင်းသားကျောင်းသူများသည် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သွားရောက်၍ မြို့နယ်ဦးစီးမှူးနှင့် တွေ့ဆုံကာ မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော အချက်အလက်များကို ဆွေးနွေးမေးမြန်းမှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နိုင်က ဆိုသည်။

၂၀၁၈ခု ခုနှစ်အတွင်း Green Asia Network ကိုရီးယားနိုင်ငံ အခြေစိုက် K water အဖွဲ့ကလည်း ကျောက်တန်းကျေးရွာ၌ ကျောင်းဆောင်များ ပြုပြင်ပေးခြင်း၊ ကျောင်းဝင်းအတွင်း သနပ်ခါးပင်များ စိုက်ပျိုးပေးခြင်း၊ ရေစင်တည်ဆောက်ခြင်း၊ အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# မိတ္ထီလာမြို့နယ် ဆွာတောကျေးရွာ ခရီးသွားလုပ်ငန်းသို့ နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်

**မိတ္ထီလာ ဇန်နဝါရီ ၈**

မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအုပ်စု ဆွာတောကျေးရွာရှိ စမ်းသပ်ဆောင်ရွက်ဆဲ လူထုအခြေပြုခရီးသွားလုပ်ငန်းသို့ နိုင်ငံစုံမှ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့လာကြောင်း အက်ရှင်အေ့ဒ်မြန်မာ (မိတ္ထီလာ) အစီအစဉ်အရာရှိ ဦးတိုးတိုးထံမှ သိရသည်။



"လူထုအခြေပြု ခရီးသွားလုပ်ငန်းကို ၂၀၁၄ ခုနှစ်က မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်မှာ အက်ရှင်အေ့ဒ်မြန်မာက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ နှစ်ကုန်ပိုင်းမှာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဆွာတောကျေးရွာမှာ စတင်စမ်းသပ်ဆောင်ရွက်ခဲ့တာပါ။ ဆောင်ရွက်ဆဲကာလမှာ အာဆီယံနိုင်ငံတွေအပြင် နိုင်ငံစုံက နိုင်ငံခြားသားခရီးသွားဧည့်သည်တွေက ဆွာတောကျေးရွာ လူထုအခြေပြု ခရီးသွားလုပ်ငန်းကို လာရောက်လည်ပတ်ပြီး ဒေသခံတွေရဲ့ ကျေးလက်လူနေမှု ဓလေ့ထုံးစံတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို လေ့လာခဲ့ကြပါတယ်" ဟု ဦးတိုးတိုးက ပြောသည်။

ဆွာတောကျေးရွာတွင် လူထုအခြေပြု ခရီးသွားလုပ်ငန်းအတွက် လိုအပ်သည့် ပံ့ပိုးကူညီထောက်ပံ့မှုများကို အက်ရှင်အေ့ဒ်မြန်မာ (မိတ္ထီလာ) က ကူညီပေးလျက်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရေရှည်ကာလတွင် ဒေသခံများကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# လန်ချန်း–မဲခေါင်စီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်

**ကျိုင်းတုံ ဇန်နဝါရီ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းဝင်နိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည့် လန်ချန်း-မဲခေါင် အထူးရန်ပုံငွေဖြင့် စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို အသိပေးကြေညာခြင်း အခမ်းအနားကို ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက ကျိုင်းတုံမြို့နယ် တိုင်းလျှန်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူးဦးမြင့်ဆွေက လန်ချန်း-မဲခေါင်စီမံကိန်းဧရိယာအတွင်း ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းဆိုင်ရာ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လန်ချန်း-မဲခေါင်အထူးရန်ပုံငွေ အစီအစဉ်ဖြင့် ကော်ဖီသီးအခွံချွတ်စက်အား ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒု-ပြည်နယ်ဦးစီးမှူး ဦးတင်ဦးက ကျိုင်းတုံမြို့ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးယာထွန်းအားလည်းကောင်း၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးတို့က ကော်ဖီမျိုးစေ့ ၈၀၀၀ အားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးတို့က ကော်ဖီလက်စွဲစာစောင်များကို တောင်သူကိုယ်စားလှယ်များအားလည်းကောင်း ပေးအပ်ကြသည်။

**နည်းပညာများဖလှယ်**

အဆိုပါစီမံကိန်းအရ ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှု နည်းပညာသင်တန်းများ ပို့ချခြင်း၊ ကော်ဖီသုတေသနရှိ ကော်ဖီအရည်အသွေးသတ်မှတ်နိုင်သည့် ဓာတ်ခွဲခန်းနှင့် မြေဆီလွှာဓာတ်ခွဲခန်းများအား အဆင့်မြှင့်တင်ခြင်း၊ ကော်ဖီလှော်စက်များအား ဝယ်ယူခြင်း၊ဒေသခံတောင်သူများအား ကော်ဖီထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများအပေါ် ကော်ဖီကြိတ်စက်ငယ်ဖြင့် လက်တွေ့သရုပ်ပြခြင်း၊ တောင်သူအချင်းချင်း နည်းပညာဖလှယ်ရန် ပြည်တွင်းခရီးစဉ်များ စေလွှတ်ခြင်း၊ ဌာနဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးအတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာများဖလှယ်ရန် ပြည်ပခရီးစဉ်များစေလွှတ်ခြင်းတို့ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

**အောင်မိုး(စိုက်ပျိုးရေး)**

# ဘိုကလေးတွင် ကျေးလက်စကားဝိုင်းနှင့် ပြည်သူ့ဝန်ဆောင်လုပ်ငန်းများဆောင်ရွက်

**ဘိုကလေး ဇန်နဝါရီ ၈**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက်စကားဝိုင်းကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။



မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက "ကျေးရွာ မီးလင်းရေး၊ ကျေးလက်ရေရရှိရေး၊ မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောရောဂါများ၊ ကာကွယ်ရမည့် နည်းလမ်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများနှင့် ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ်ဆိုင်ရာ သိကောင်းစရာများ၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေအကြောင်း၊ ရွှေခရုအန္တရာယ်ကာကွယ်ရေးနှင့် စပါးအထွက်တိုးစေရေးနည်းလမ်းများ၊ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများကို သက်ဆိုင်ရာဌာနအလိုက် ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသည့် ဒေသခံများကလည်း သိလိုသည်များ ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့အပြင် ဌာနဆိုင်ရာများ ပါဝင်သော ရွေ့လျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကိုပါ တစ်ပါတည်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ခွဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်း အစည်းအဝေး ကျင်းပ

**မန္တလေး ဇန်နဝါရီ ၈**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်း (Myanmar Quarry Products Suppliers Association) MQPSA (မန္တလေးတိုင်းဒေသကြီး) နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက မန္တလေးကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းကျော်၊ ပုသိမ်ကြီးမြို့နယ် အခွန်ဦးစီးမှူး ဦးဇော်နိုင်၊ မြစ်သားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးတို့က ဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များ အသင်းဝင်များ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အသင်းဝင်များက နိုင်ငံတော်အတွက် အခွန်ငွေများ ပြည့်ဝစွာရရှိရေး၊ လုပ်ငန်းခွင် သတ်မှတ်ချက်နှင့်အညီ အရည်အသွေးပြည့် စံချိန်မီ သွင်းအားစုတစ်ရပ် ဖြစ်ပေါ်လာရေးတို့ကို အဓိကထား၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**တင်မောင် (မန်းကိုယ်ပွား)**



ရှမ်းပြည်နယ် (တောင်ပိုင်း) အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လင်းခေးတပ်နယ်မှူး၊ လင်းခေး ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူတို့က လင်းခေးမြို့ ပရိယတ္တိစာသင်တိုက် သုံးထပ်ကျောင်းဆောင်သစ်၌ ခိုလှုံလျက်ရှိကြသော နေရပ်တိမ်းရှောင်ပြည်သူများထံ ဇန်နဝါရီ ၈ ရက် နံနက်က လာရောက်ကြည့်ရှုအားပေးကြစဉ်။

**စိုင်းဇော်လတ်(လင်းခေး)**

## တိုတိုထွာထွာဖတ်စရာ

### ညောင်ဦးမြို့နယ် ဘုန်းကြီးကျောင်းသို့ သောက်ရေများလှူဒါန်း

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ထနောင်းစုကျေးရွာ တောင်ပေါ် ဘုန်းတော်ကြီးကျောင်းတွင် သောက်သုံးရေရှားပါးမှုများ ကြုံတွေ့နေရကြောင်းသိရ၍ ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက ညောင်ဦးမြို့ မြတ်ဒါန အောက်ဆီဂျင်အခမဲ့နှင့် လူမှုကူညီရေးအသင်းမှ အသင်းအဖွဲ့ဝင်များက ၂၀ လီတာ ပေါ်ပြူလာသောက်ရေသန့်ဘူး ၁၅၀ အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ညောင်ဦးမြို့နယ်၌ မိုးရွာသွန်းမှု လျော့နည်းခဲ့ခြင်းကြောင့် ကျေးရွာအချို့ရှိ မြေသားမိုးရေလှောင်ကန်များတွင် ရေဝင်ရောက်မှုနည်းပါးခဲ့၍သောက်သုံးရေရှားပါးမှုများ ကြုံတွေ့နေရကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### သုံးခွမြို့၌ နည်းပညာသင်တန်းဖွင့်

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း (၈/၂၀၁၈- ၂၀၁၉) ဖွင့်ပွဲကို ဇန်နဝါရီ၇ရက်နံနက်၁၀ နာရီက အမှတ် (၂) ရပ်ကွက် မြနန္ဒာလမ်းရှိ သုခိတာလူမှုကူညီရေးအသင်းရုံး၌ ကျင်းပသည်။

သင်တန်းကို ဇန်နဝါရီ ၇ ရက်မှ ၁၅ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### ကော့သောင်းနယ်စပ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမား၆၀၀ ကျော်ရှိ

**ကော့သောင်း**

ထိုင်းနိုင်ငံတောင်ပိုင်းဒေသများတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမား အမျိုးသား ၆၈ ဦး၊ အမျိုးသမီး ရှစ်ဦး ပေါင်း ၇၅ ဦးတို့သည် ဇန်နဝါရီ ၇ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ရေလမ်းခရီးဖြင့် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာကြရာ ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်အားဖြတ်သန်းကာ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်သည့် မြန်မာအလုပ်သမား ၆၃၀ ရှိပြီဖြစ်သည်။

နေရပ်ပြန်လာသည့် မြန်မာအလုပ်သမားများအား တာဝန်ရှိသူများက ကြိုဆိုလက်ခံကူညီကြပြီး ပြည်သူ့ကျန်းမာရေးဌာနမှ လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး ၎င်းတို့နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

### ကျိုက်ထို၌ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ တွေ့ဆုံ

**မော်လမြိုင်**

မွန်ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင်နှင့် အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် တွေ့ဆုံပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက မြို့မဈေးအနီး မြို့နယ်ရုံးခန်း၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်အဖွဲ့ဥက္ကဋ္ဌက ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် ပြည်နယ်၊ တိုင်းဒေသကြီးအဖွဲ့များ တွေ့ဆုံပွဲ ထပ်ဆင့်ရှင်းလင်းပြီး ရှေ့လုပ်ငန်းစဉ်များအား ပြောကြား၍ မြို့နယ်အဖွဲ့ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့များက လုပ်ငန်းဆိုင်ရာ အခြေအနေများ တင်ပြဆွေးနွေးကာ ပြည်နယ်အဖွဲ့ဥက္ကဋ္ဌက မြို့နယ်အဖွဲ့များအနေဖြင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူ ယုံကြည်လက်ခံလာစေရန် အသိပညာပေး ဆွေးနွေးခြင်းတို့ကို ကျယ်ပြန့်စွာ ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်သန်း (မော်လမြိုင်)**

### YREO အမျိုးသမီးအသင်း ဇွဲကပင်ကို အနိုင်ရ

**ရန်ကုန်**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) ပထမနေ့ကို ဇန်နဝါရီ ၈ ရက် ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ YREO အသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

နိုင်ပွဲဆက်နေသည့် YREO အသင်းသည် ယခုပွဲတွင်လည်း ထပ်မံခြေစွမ်းပြနိုင်ခဲ့ပြီး သုံးပွဲဆက်အနိုင်ရခဲ့သည်။ ယခုရာသီတွင် ပုံစံကောင်းရရန် ရုန်းကန်နေရသည့် ဇွဲကပင်အသင်းသည် ယခုပွဲတွင်လည်း နိုင်ပွဲပြန်ရရန် ကြိုးပမ်းသော်လည်း ငါးပွဲမြောက် ရှုံးပွဲကြုံတွေ့ခဲ့သည်။ YREO အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၄၃ မိနစ်တွင် နွယ်နီဝင်းက သွင်းယူခဲ့သည်။ YREO အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် တတိယနေရာမှ အား/ကာသိပ္ပံအသင်းကို တစ်ပွဲပိုအမှတ်တူဖြင့် ဖိအားပေးနိုင်ခဲ့သည်။

ပွဲစဉ်(၆) ဒုတိယနေ့ကို ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်အသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# အိပ်မက်လမ်းသို့ ခရီးရှည် (၅)

မြင့်စိုး (နတလ)


ခေါင်လန်ဖူးမြို့ကို ဝေဟင်မှ တွေ့မြင်ရစဉ်။

**ထရုံနှင့်ပတ်သက်၍**

အမှန်ဆိုလျှင် ကြေးမုံသတင်းစာ၌ ကျွန်တော် ဆက်ကာဆက်ကာရေးနေတာ အိပ်မက်လမ်းသို့ ခရီးရှည် ဆောင်းပါးက အခန်း (၄) လောက်မှာပဲ ရပ်လိုက်ဖို့ကောင်းပြီ။ ပန်နန်းဒင်မြို့လေးအကြောင်း သိကောင်းစရာများ၊ ပညာရေးနှင့်ကျန်းမာရေး အခြေအနေများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများ ရေးသားပြီးဖြစ်၍ ရပ်လိုက်လျှင် ရပြီဖြစ်သော်လည်း ဆက်လက်ဖော်ပြပါမည်ဖြင့် အဆုံးသတ်လိုက်မိ၏။ သို့ဖြစ်ပေရာ ဆက်၍ရေးရမည့်တာဝန်က အလိုလိုရှိနေချေပြီ။ ဤနေရာမှာတော့ ကျွန်တော်ကြားသိခဲ့ရသော ထရုံတိုင်းရင်းသားမျိုးနွယ်စုနှင့်စပ်လျဉ်း၍ အနည်းငယ်တင်ပြလိုပါသည်။ မေခမြစ်၏အထက်ပိုင်းမှာ တရုတ်ပြည်ဘက်မှ မြစ်ဖျားခံလာသော ထရုံချောင်း (ထရုံမြစ်ဟုလည်း ခေါ်ကြသည်) နှင့် ပေါင်းဆုံသည်။ ထရုံချောင်းနှင့် မေခမြစ်အကြား နေထိုင်လျက်ရှိကြသော ရဝမ်တိုင်းရင်းသားများကို တရုတ်ပြည်ဘက်မှ လူတွေက ထရုံလူမျိုးများဟု ယခုတိုင်ခေါ်တွင်လျက်ရှိကြောင်း၊ ပန်နန်းဒင်မြို့၏မြောက်ဘက်သို့ ၇ ရက် ၈ ရက်ခန့် ဆက်လက်သွားရောက်ရသော **BP43**၊ **BP44** အနီး ဒဟွန်ဒမ်းဒေသဘက်မှာ တွေ့ရသည်။ မြန်မာပြည်၏ ပစ်ကမီဟု တင်စားခြင်းခံရသော ထရုံမျိုးနွယ်စုအနည်းငယ်သည် ရှေးနှစ်ပေါင်းများစွာကပင် ထိုဒေသသို့ ရောက်ရှိသွားသည့် ရဝမ်မျိုးနွယ်စုတစ်စုသာ ဖြစ်နိုင်ကြောင်း၊ အရပ်ပုသွားရခြင်းမှာ ဆေးပညာရှုထောင့်အရ သွေးနီးသွား၍ဖြစ်ကြောင်း၊ ထိုဒေသသို့ စတင်ရောက်ရှိသွားသော နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သုတေသီများက ထရုံဆိုသည်မှာ သီးခြားမျိုးနွယ်စုတစ်စုအဖြစ် မှတ်ယူသွားခြင်းဖြစ်ကြောင်း၊ ရဝမ်တိုင်းရင်းသားခေါင်းဆောင် ဦးအားတန်ထံမှ ကြားသိခဲ့ရသည်။ ဒဟွန်ဒမ်း ဒီဘက်က ခရောင်းရွာတွင် တွေ့ရသည်ဆိုသော ထရုံတိုင်းရင်းသားဆိုသည်မှာလည်း ရဝမ်တိုင်းရင်းသားများပင်ဖြစ်ကြောင်း သူကအခိုင်အမာဆို၏။ မည်သို့ပင် ဝိဝါဒကွဲပြားစရာအကြောင်းရှိနေစကာမူ ထရုံတိုင်းရင်းသားမျိုးနွယ်စုသည် လက်ချိုးရေတွက်၍ မရနိုင်တော့လောက်အောင်ပင် အရေအတွက်အားဖြင့် အလွန်နည်းပါးသွားပြီဖြစ်သည်။

> မိမိတို့နိုင်ငံပိုင်နယ်မြေ၏ အကျယ်အဝန်း၊ အချိုးအစား၊ ထိုဒေသတွင် နေထိုင်သော တိုင်းရင်းသားများ၏ လူဦးရေ သိပ်သည်းဆ၊ ပထဝီ နိုင်ငံရေးအနေအထားတို့ အရ ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်မှာ ကြီးမား. . .

**နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေး**

၁၉၈၉ခုနှစ်တွင် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးနောက် ၁၉၉၃ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းဥပဒေ၏ ရည်ရွယ်ချက်(၅)ရပ်အနက် ပဉ္စမရည်ရွယ်ချက်တွင် နယ်စပ်ဒေသ၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်ဟု ဖော်ပြပါရှိပါသည်။ မေးမြန်းလေ့လာတွေ့ရှိချက်များအရ ပန်နန်းဒင်မှ ငါ့ဝါ၊ ဂနိုင်၊ ဒလုံဒမ်းအထိ သွားရောက်နိုင်ပြီး ထိုမှ အိန္ဒိယနယ်စပ် **BP46** နှင့် **47** ရှိရာသို့ ထအွန်ဒမ်း၊ ဆန်ဒမ်း၊ မဒိန်းစသောရွာများကိုဖြတ်၍သွားရမည်ဖြစ်သည်။ ထိုနည်းတူစွာ ဒလုံဒမ်းလမ်းဆုံမှနေ၍ တဆူထု၊ တလာထု၊ ခရောင်း၊ ဒဟွန်ဒမ်း စသောရွာများကိုဖြတ်ပြီးမှ တရုတ်ပြည်နယ်စပ် **BP 43**၊ **44** သို့ ဦးတည်သွားရောက်နိုင်သည်။ မချမ်းဘော့မြို့လေး၌ နာမည်ကျော် ဂူဘားရိပ်သာရှိနေစေကာမူ အမှန်တကယ် ဂူဘားဆိုတာကတော့ စောစောက ကျွန်တော်တင်ပြခဲ့သည့် အိန္ဒိယနယ်စပ်သို့ ဦးတည်နေသော ထအွန်ဒမ်းနှင့် မဒိန်းရွာအကြားက ဆန်ဒမ်းဆိုသည့် ရွာလေးကိုခေါ်ခြင်းဖြစ်ကြောင်း သိခဲ့ရသည်။

အဓိကတင်ပြလိုရင်းမှာ ဂူဘားအကြောင်းမဟုတ်ပါ။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ အပိုဒ် ၅ သည် ထိုကဲ့သို့သော မြန်မာနှင့် တရုတ်နယ်စပ်က **BP 43**၊ **44**၊ **45** လိုနေရာများ၊ **မြန်မာနှင့်အိန္ဒိယနယ်စပ်က BP 46**၊ **47**၊ **48** လို နေရာများကိုပါ ရည်ညွှန်းရေးဆွဲခဲ့သည်ဆိုလျှင် မမှားတန်ရာ။ မိမိတို့နိုင်ငံပိုင်နယ်မြေ၏ အကျယ်အဝန်း၊ အချိုးအစား၊ ထိုဒေသတွင် နေထိုင်သော မိမိတို့တိုင်းရင်းသားများ၏ လူဦးရေသိပ်သည်းဆ၊ ပထဝီနိုင်ငံရေးအနေအထားတို့အရ ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်မှာ ကြီးမားကြောင်း၊ နိုင်ငံသားအားလုံးက သတိမူရမည့်အခြေအနေ ဖြစ်ပါသည်။ ထိုကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ရာလည်း ထိုဒေသအတွင်း၌ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် လိုအပ်ပါသည်။ ပန်နန်းဒင်မှအစပြုကာ နတလဦးစီးဌာနက လမ်းဖောက်လုပ်နေပြီ ဖြစ်ပါသည်။

**အိပ်မက်လမ်းသို့ သုံးခေါက်လေ**

ဒါရိုက်တာကြီး အဘဦးတင်ယု ရိုက်ကူးခဲ့သည့် မေတ္တာဘုံသို့နှစ်ခေါက်လေ ဇာတ်ကားကြီးကို ငယ်စဉ်က ကြည့်ပြီးကတည်းက ထိုစကားလုံး ထိုအသုံးအနှုန်းကို ထိုဝေါဟာရကို ကျွန်တော် အလွန်သဘောကျခဲ့သည်။ ဆောင်းပါးခေါင်းစဉ်လည်းပေးဖူးသည်။ နာဂဒေသ လဟယ်မြို့မှအပြန်လမ်းတွင် ဖြတ်ကျော်ရသော ထိန်ညိုတောင် (အမြင့်ပေ ၄၉၉၇) ကို အမှတ်တရအနေဖြင့် ထိန်ညိုတောင်သို့ နှစ်ခေါက်လေ. . . စသည်ဖြင့်။ ယခုလည်း ပူတာအို၊ မချမ်းဘော့၊ နောင်မွန်၊ မဂွေဇနှင့် ခေါင်လန်ဖူးဒေသသို့ တတိယအကြိမ် ထပ်မံသွားရောက်ရဦးမည်ဖြစ်သည်။ မြန်မာ့ရုပ်မြင်သံကြား **MRTV** ရိုက်ကူးရေးအဖွဲ့က နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတန်းအတွင်းဝန်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်တို့ကို မဂွေဇ-ခေါင်လန်ဖူး လမ်းဖောက်လုပ်ရေးနှင့်စပ်လျဉ်း၍ သိလိုသမျှမေးမြန်းမည့် အင်တာဗျူးအစီအစဉ်အား ထိုလမ်းမကြီးပေါ်၌ ရိုက်ကူးမည်ဖြစ်သည်။ ဒေသခံတိုင်းရင်းသားအားလုံး မျှော်လင့်တောင့်တနေသော အိပ်မက်လမ်းမကြီးနှင့် စပ်လျဉ်း၍ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ စိတ်ပါဝင်စားမှု၊ တပ်မတော်က ဆောင်ရွက်ပေးနေသော အကူအညီများ၊ ထိုလမ်းကြီးကို ဘဏ္ဍာနှစ်အလိုက် အပိုင်းလိုက်ဆောင်ရွက်နေပုံ၊ လမ်းမပေါက်မီအခြေအနေနှင့် လမ်းပေါက်ပြီးပြောင်းလဲသွားသော ပညာ၊ ကျန်းမာ၊ လူမှုစီးပွား အခြေအနေများကို ပြောဆိုမေးမြန်း ဆွေးနွေးရိုက်ကူးကြမည်ဖြစ်သည်။

**MRTV အဖွဲ့၏ စေတနာ**

မဂွေဇ-ခေါင်လန်ဖူးလမ်း ၆၅ မိုင် ၄ ဖာလုံအနက် ယခုနှစ်ပွင့်လင်းရာသီတွင် ဆန်းလွတ်ချက် ကျောက်တောင်ကြီးကို ကျော်လွှားဖောက်လုပ်နိုင်ခဲ့ပြီဖြစ်၍ အနည်းဆုံး မဂွေဇမှ လုံးတုံအထိ ကားလမ်း၊ ခေါင်လန်ဖူးမှ လုံးတုံအထိ ဆိုင်ကယ်လမ်းအဆင့်ပေါက်သွားရန် ကြိုးပမ်းဆောင်ရွက်နေပါသည်။ လတ်တလောတွင်မူ မေခမြစ်ကူးကြိုးတံတားအထိ ကားလမ်းမပေါက်သေး၍ ခြေကျင်လျှောက်နေရဆဲဖြစ်သည်။ ခြေကျင်လျှောက်ရမည့် ၁၀ မိုင်ခန့် ခရီးအကွာအဝေးမှာ အသွားတွင်ကိစ္စမရှိသော်ငြား အပြန်ခရီးက တောင်တက်ခရီးမို့ ပင်ပန်းကြမည်မှာ သေချာသည်။

သို့တစေ ရိုက်ကူးရေးအဖွဲ့သည် ရီဒမ်းကြိုးတံတားနှင့် မေခမြစ်၏ အနေအထားတို့ကိုလည်းကောင်း၊ ဒေသခံတိုင်းရင်းသားများနှင့် လား၊ မြင်းများ၊ ခြေကျင်သွားလာ လှုပ်ရှားနေမှုများကိုလည်းကောင်း ရိုက်ကူးပြသလို၍ အပင်ပန်းခံကာသွားရောက်ရိုက်ကူးကြမည်ဖြစ်သည်။

ကျွန်တော်တို့အတွက် ဤမျှလောက်ခရီးသည် ရှည်လျားကြမ်းတမ်းနေမည်ဆိုပါလျှင် လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာကတည်းက ၁၃၂ မိုင် ၄ ဖာလုံ အရှည်ရှိ ပူတာအို-မဂွေဇ-ခေါင်လန်ဖူးလမ်းကြီးမှာ ခြေကျင်ခရီး ၁၂ ရက်ခန့် လမ်းလျှောက်သွားလာနေကြရသော ဒေသခံတိုင်းရင်းသားများ၏ လူမှုဒုက္ခဆင်းရဲ မည်မျှကြီးမားကြလိမ့်မည်ဆိုသည်ကို ကိုယ်ချင်းစာနာ၍ များစွာစိတ်မကောင်းဖြစ်ခဲ့မိပါသည်။ ❏



## ၂၀၁၉ ခုနှစ်ရဲ့အစမှာ အနက်ရောင်တွေနဲ့ ပွဲတက်လာတဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “TWICE”ဟာ ၂၀၁၉ ခုနှစ်ရဲ့ ပထမဆုံးသော အခမ်းအနားကို တက်ရောက်ခဲ့ရာမှာတော့ အဖွဲ့ဝင်တွေအားလုံး အနက်ရောင်တွေ ဝတ်ဆင်တက်ရောက်ခဲ့တာကိုတွေ့ရကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်ရဲ့ “Golden Disc Awards” ဆုပေးပွဲကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၅ ရက်မှာ ကျင်းပခဲ့ရာမှာတော့ “TWICE”ရဲ့ အဖွဲ့ဝင် ၁၃ ဦးစလုံးဟာ အနက်ရောင်ဝတ်စုံတွေနဲ့ ဝတ်ဆင်တက်ရောက်ခဲ့တာ တွေ့ရပါတယ်။ ယခုနှစ်ဆုပေးပွဲရဲ့ ပထမဆုံးနေ့ရက်မှာ အခမ်းအနားရဲ့ကော်ဇောနီပေါ် လျှောက်လှမ်းရာမှာတော့ အဖွဲ့ဝင်တစ်ဦးချင်းစီဟာ အနက်ရောင်ဝတ်စုံတိုလေးတွေနဲ့ ချစ်စဖွယ် လှပနေတာကိုလည်း တွေ့ရပါတယ်။

## အမေရိကန်မှာ လက်ထပ်ပွဲကျင်းပခဲ့တဲ့ ကလာရာ



တောင်ကိုရီးယားကြယ်ပွင့် ကလာရာဟာ လတ်တလောမှာတော့ အမေရိကန်နိုင်ငံမှာ မင်္ဂလာပွဲကျင်းပခဲ့တာ ဖြစ်ပါတယ်။ တောင်ကိုရီးယား-အမေရိကန်လူမျိုး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနဲ့လက်ထပ်ခဲ့တဲ့ အဆိုပါလက်ထပ်ပွဲအခမ်းအနားကိုတော့ အမေရိကန်မှာ မိသားစုဝင်တွေ၊ ရင်းနှီးသူတွေနဲ့သာ ပြုလုပ်ခဲ့တာဖြစ်တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကလာရာရဲ့ ဖျော်ဖြေရေးအေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့ရာမှာတော့ လက်ရှိမှာ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကလာရာနဲ့ သူ့ရဲ့ခင်ပွန်းဖြစ်သူတို့ဟာ တစ်နှစ်ခန့် ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီးနောက် လက်ထပ်ခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။ ကလာရာရဲ့ ခင်ပွန်းဖြစ်သူဟာ သူ့ထက် အသက်နှစ်နှစ် ပိုကြီးပါတယ်။ သူတို့ရဲ့ မင်္ဂလာပွဲကိုတော့ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်အတွင်း ကလာရာဟာ ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ ပါဝင်ရင်း သရုပ်ဆောင်လောကမှာ ခြေချလာတာ ဖြစ်ပါတယ်။ သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက်မှာလည်း ရုပ်သံဇာတ်လမ်းတွဲတွေမှာသာမက ရုပ်ရှင်ကားများစွာမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရပါတယ်။

လက်ထပ်ပြီးနောက်ပိုင်းမှာလည်း ကလာရာဟာ အနုပညာလုပ်ငန်းတွေကို ဆက်လက်လုပ်ကိုင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ တောင်ကိုရီးယားမှာသာမက တရုတ်မှာပါ အနုပညာလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကလာရာဟာ တရုတ်ဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ ပါဝင်ခဲ့ရင်း အောင်မြင်မှုတွေ ရခဲ့တာကြောင့် တရုတ်မှာပါ အနုပညာလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ရာ အစီအစဉ်ရှိနေတာ ဖြစ်ပါတယ်။



## ရွှေကမ္ဘာလုံးဆုပေးပွဲမှာ Game of Thrones ရုပ်ရှင် စမ်းသပ်ထုတ်လွှင့်

ရုပ်သံဇာတ်လမ်းတွဲ ရုပ်ရှင်တစ်ကားဖြစ်တဲ့ “Game of Thrones” ရဲ့ နောက်ဆုံးရာသီအတွက် ဇာတ်လမ်းတွဲကို လတ်တလောကျင်းပခဲ့တဲ့ ရွှေကမ္ဘာလုံးရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးမှာ ပထမဆုံးအကြိမ်အဖြစ် စမ်းသပ်ထုတ်လွှင့်ခဲ့ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကျော်ကြားတဲ့ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးကို ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က လော့စ်အန်ဂျလိစ်မှာ ကျင်းပခဲ့ရာမှာတော့ “Game of Thrones” ရဲ့ ရှစ်ခုမြောက်နဲ့ နောက်ဆုံးရာသီအတွက် ဇာတ်လမ်းတွဲသစ်ကို စမ်းသပ်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီအစမ်းရုပ်ရှင်ဟာတော့ စက္ကန့်ပိုင်းသာ ကြာမြင့်တာဖြစ်တယ်လို့ သိရပါတယ်။

“Game of Thrones”ဇာတ်လမ်းတွဲသစ်ကိုတော့ ထုတ်လွှင့်ပြသနေကျဖြစ်တဲ့ HBO ရုပ်သံလိုင်းကနေ လာမယ့် ဧပြီလအတွင်း စတင်ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

## တေလာဆွစ်အတွက် ဂုဏ်ယူနေတဲ့ ဂျိုးအော်ဝင်န်

ဗြိတိန်မင်းသား ဂျိုးအော်ဝင်န်ဟာ လတ်တလောကျင်းပခဲ့တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးကိုတက်ရောက်ပြီး ဆုကြေညာပေးခဲ့တဲ့ တေလာဆွစ်ကို ဂုဏ်ယူတဲ့အကြည့်တွေနဲ့ ကြည့်ခဲ့ကြောင်း သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်ကိုကိုးကားကာ ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။



ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က လော့စ်အန်ဂျလိစ် ဘီဗာလီဟေးလ်မှာ ပြုလုပ်ခဲ့တဲ့ အဆိုပါအနုပညာထူးချွန်ဆုပေးပွဲမှာ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်တက်ရောက်ခဲ့ပြီး ပရိသတ်တွေကို အံ့အားသင့်စေခဲ့တာပါ။ ဒီရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ တေလာဆွစ် တက်ရောက်မယ့်အကြောင်း ယခင်က ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘဲ ဆုပေးပွဲညမှာတော့ တေလာဆွစ်က ယခုနှစ်အတွက် “Best Original Score and Best Original Song” ဆုအတွက် ကြေညာပေးခဲ့တာ ဖြစ်ပါတယ်။

တေလာဆွစ်က ထူးချွန်ဆုကို ကြေညာပေးဖို့ရာ စင်မြင့်ထက်မှာ စကားပြောကြားချိန်မှာတော့ ဂျိုးအော်ဝင်န်က သူ့ရဲ့အနီးမှာရှိတဲ့ ပိတ်ကားကနေတစ်ဆင့် တေလာဆွစ်ကို ဂုဏ်ယူနေတဲ့အကြည့်တွေနဲ့ ကြည့်နေခဲ့ကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင် ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါ စင်မြင့်ထက်တက်လှမ်းခဲ့ချိန်မှာတော့ ဂျိုးအော်ဝင်န်က စင်မြင့်ထက်က တေလာဆွစ်ရှိရာကို လှမ်းမျှော်ကြည့်ခဲ့တာကိုလည်း တွေ့ခဲ့ရကြောင်း သတင်းရင်းမြစ်က ပြောကြားခဲ့တယ်လို့ သိရပါတယ်။

တေလာဆွစ်နဲ့ ဂျိုးအော်ဝင်န်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းမှာ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် နှစ်ဦးအကြားက ဆက်ဆံရေးကို လျှို့ဝှက်ထားကြတာဖြစ်ပြီး နောက်ပိုင်းမှာမှ တရားဝင်လက်တွဲခဲ့ကြတာဖြစ်ပါတယ်။ ကြယ်ပွင့်စုံတွဲဟာ အများရှေ့ လက်ချင်းတွဲကာ ပေါ်ထွက်လာခဲပေမယ့် နှစ်သစ်ကူးပိတ်ရက်မှာတော့ လက်ချင်းတွဲကာ အတူတူအလည်အပတ်ထွက်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒ့ါအပြင် လတ်တလောမှာတော့ အခမ်းအနားတစ်ခုကို ပထမဆုံးအကြိမ်အဖြစ် နှစ်ဦးစလုံးတက်ရောက်ခဲ့ကြတာကို တွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။



## ကြည့်ရှုသူ သန်း ၄၀၀ ပြည့်ခဲ့ပြီဖြစ်တဲ့ Psy ရဲ့ Daddy

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်သူ Psy ရဲ့ နောက်ထပ်တေးဗီဒီယိုတစ်ခုဟာ လတ်တလောမှာတော့ ကြည့်ရှုသူပရိသတ် သန်း ၄၀၀ ပြည့်ခဲ့ပြီဖြစ်ပါတယ်။ လတ်တလောမှာ ကြည့်ရှုသူ သန်း ၄၀၀ ပြည့်တဲ့ Psy ရဲ့ စတုတ္ထမြောက် တေးဗီဒီယိုဖြစ်လာခဲ့တာကတော့ “Daddy” တေးဗီဒီယိုဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၈ ရက်မှာ Psy ရဲ့ “Daddy” ဟာ ယူကျူပေါ်ကနေတစ်ဆင့် ကြည့်ရှုသူပရိသတ် သန်း ၄၀၀ ပြည့်ခဲ့တာ ဖြစ်ပါတယ်။ အခြားသော တေးဗီဒီယိုတွေကတော့ “Gangnam Style”၊ “Gentleman”နဲ့ တေးသံရှင်ဟွန်ဟနဲ့ ပြန်လည်တွဲဖက်သီဆိုထားတဲ့ “Gangnam Style” ရဲ့ ဗားရှင်းသစ် “Oppa Is Just My Style”တို့ဖြစ်ကြကြောင်းလည်း သိရပါတယ်။

နိုင်လင်းကြည်

# တစ်ပတ်အတွင်း အားကစားသတင်းများ








## အက်ဖ်အေဖလားစတုတ္ထအဆင့်မှာ ထိပ်တိုက်တွေ့နေတဲ့အာဆင်နယ်နဲ့မန်ယူ

အက်ဖ်အေဖလားပြိုင်ပွဲရဲ့စတုတ္ထအဆင့်ပွဲစဉ်တွေကလည်း မဲခွဲဆုံးဖြတ်လို့ပြီးသွားပါပြီ။ အဲဒီလိုမဲခွဲလို့အပြီးမှာတော့ ပရီမီယာလိဂ်ရဲ့ ထိပ်တန်းစာရင်းဝင်အသင်းနှစ်သင်းဖြစ်တဲ့ အာဆင်နယ်နဲ့ မန်ယူအသင်းတို့ဟာ ထိပ်တိုက်တွေ့ဆုံလို့နေခဲ့ပါတယ်။ ဒီနှစ်သင်းဟာ အက်ဖ်အေဖလားရရှိမှု အများဆုံးအသင်းတွေအဖြစ် မှတ်တမ်းဝင်ထားတာဖြစ်ပြီး အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလားကို ၁၃ ကြိမ်အထိ ရယူထားနိုင်ခဲ့သလို မန်ယူအသင်းကလည်း အက်ဖ်အေဖလားကို ၁၂ ကြိမ်အထိ ဆွတ်ခူးထားတာလည်းဖြစ်ပါတယ်။ ပရီမီယာလိဂ်ချန်ပီယံမန်စီးတီးအသင်းကတော့ တန်းဆင်းဇုန်အတွင်း ကျရောက်နေတဲ့ဘန်လေအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ခရစ္စတယ်ပဲလေ့အသင်းက အိမ်ကွင်းမှာ စပါးအသင်းကို ညှိခံကစားရမှာဖြစ်ပါတယ်။ အက်ဖ်အေဖလားရဲ့ လက်ရှိချန်ပီယံအသင်းဖြစ်တဲ့ ချယ်လ်ဆီးကတော့ ရှက်ဖီးလ်ဝက်နက်စဒေး ဒါမှမဟုတ် လူတန်တောင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဝုလ်ဗက်ကတော့ ရှရူးဘူရီ ဒါမှမဟုတ် စတုတ်စီးတီးနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဝုလ်ဗက်အသင်းဟာ ပရီမီယာလိဂ်ထိပ်တန်းစာရင်းဝင် လီဗာပူးကို အနိုင်ရရှိပြီး အခု အက်ဖ်အေဖလား စတုတ္ထအဆင့်ကို တက်လှမ်းလာတာဖြစ်ပါတယ်။ အခြားပွဲစဉ်တွေကတော့ ဆွမ်ဆီးနဲ့ ဂီလင်ဟမ်၊ ဝင်ဘယ်လ်ဒန်နဲ့ ဝက်စ်ဟမ်း၊ မီဝေါနဲ့ အဲဗာတန်၊ ဘရိုက်တန်နဲ့ ဝက်စ်ဘရွန်း၊ ဘရစ္စတိုးစီးတီးနဲ့ ဘော်လ်တန်၊ အက်ကရင်တန်က ဒါဘီ သို့မဟုတ် ဆောက်သမ်တန်၊ ဒွန်ကက်စတာနဲ့ အိုးဟမ်း၊ နယူးကာဆယ် သို့မဟုတ် ဘလက်ဘန်းနဲ့ ဝက်ဖို့ဒ်၊ မစ်ဒယ်ဘရော့နဲ့နယူးပေါ့၊ ဘားနက်နဲ့ ဘရန်းဖို့ဒ်၊ ပို့စ်မောက်နဲ့ ကျူပီအာ စသဖြင့် အသီးသီး ထိပ်တိုက်တွေ့ဆုံနေကြတာလည်း ဖြစ်ပါတယ်။

## မန်ယူအသင်းက ကော်တင်ဟိုကို ခေါ်မယ်ဆိုပါက ပေါင်သန်း ၁၀၀ ကုန်မည်

မန်ယူအသင်းဟာ ဘာစီလိုနာအသင်းမှဘရာဇီးတိုက်စစ်မှူး ဖီးလစ်ပီကော်တင်ဟိုကို ခေါ်ယူဖို့ပစ်မှတ်ထားလျက်ရှိပြီး ကော်တင်ဟိုကို ခေါ်ယူမယ်ဆိုပါက ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ ကုန်ကျမှာဖြစ်တယ်လို့ ယနေ့သတင်းများက ဖော်ပြထားပါတယ်။ တိုက်စစ်မှူး ကော်တင်ဟိုကို ခေါ်ယူဖို့အတွက် မန်ယူအသင်း အပါအဝင် ချယ်လ်ဆီးအသင်း၊ မန်စီးတီးအသင်းနဲ့ပီအက်စ်ဂျီအသင်းတို့ကလည်း အပြိုင်စိတ်ဝင်စားနေတာဖြစ်ပါတယ်။ ကော်တင်ဟိုဟာ အသက် ၂၆ နှစ်အရွယ်သာရှိသေးပြီး ဘာစီလိုနာအသင်းကနေ ထွက်ခွာဖြစ်မယ်ဆိုပါက မန်ယူအသင်းကိုသာ ပြောင်းရွှေ့ကစားလိမ့်မယ်လို့လည်း သတင်းတွေက ဖော်ပြထားပါတယ်။ မန်ယူအသင်းက ကော်တင်ဟိုကို ခေါ်ယူဖို့ပစ်မှတ်ထားနေရတဲ့ရည်ရွယ်ချက်ကတော့ တိုက်စစ်ပိုင်းမှာ ရုန်းကန်နေရတဲ့ တိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်နေရာကိုအစားထိုးဖို့လို့ဆိုပါတယ်။ ချယ်လ်ဆီးအသင်းကလည်း တိုက်စစ်မှူး အေဒင်ဟာဇက်ကိုရီးယဲလ်မက်ဒရစ်အသင်းထံ ဆုံးရှုံးရမှာဖြစ်လို့အဲဒီကစားသမားနေရာမှာ အစားထိုးဖို့ ကော်တင်ဟိုကိုပစ်မှတ်ထားနေတာဖြစ်ပါတယ်။

## လက်ကျန်ရာသီမှာအငှားနဲ့ခေါ်ဖို့ဆီဗီလာရဲ့ ပစ်မှတ်ထားခံနေရတဲ့ မိုရက်တာ

ဆီဗီလာအသင်းဟာ ချယ်လ်ဆီးအသင်းမှတိုက်စစ်မှူး မိုရက်တာကို ခေါ်ယူဖို့ ကစားသမားရဲ့အေးဂျင့်ဖြစ်သူနဲ့ ပဏာမဆွေးနွေးမှုတွေ ပြုလုပ်ထားတယ်လို့သိရပါတယ်။ ဆီဗီလာအသင်းအနေနဲ့မိုရက်တာကို ခေါ်ယူလိုတယ်ဆိုပေမယ့် ယခုနှစ်ဘောလုံးရာသီရဲ့လက်ကျန်ရာသီအတွက်သာ အငှားစာချုပ်နဲ့ ခေါ်ယူဖို့စီစဉ်ခဲ့တာလည်း ဖြစ်ပါတယ်။ ဂိုးလ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရတော့မိုရက်တာရဲ့ကိုယ်စားလှယ်ဖြစ်တဲ့ ဂျူအန်မာလိုပက်ဇ်ဟာ ကစားသမားရဲ့ မွေးရပ်မြေဖြစ်တဲ့ စပိန်မြေကို ပြန်လည်ခြေချနိုင်ဖို့ ဆီဗီလာအသင်းနဲ့ ဆွေးနွေးမှုတွေပြုလုပ်ခဲ့တာလို့ဆိုပါတယ်။ ဆီဗီလာအသင်းဟာ စပိန်လာလီဂါဖလားကို ရယူဆွတ်ခူးနိုင်ဖို့အတွက် မိုရက်တာကို ခေါ်ယူရေးနဲ့ပတ်သက်ပြီး ကစားသမားရဲ့ တစ်ပတ်လုပ်ခလစာ ပေါင် ၁၄၀၀၀၀ ကို အကုန်လုံးပေးဖို့အထိဆန္ဒရှိနေတာဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ စပိန်လာလီဂါအမှတ်ပေးဇယား အဆင့် ၃ နေရာမှာ ရပ်တည်နေတာဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းနဲ့ခုနစ်မှတ်အကွာအနေအထားမှာရှိနေပါတယ်။ ယူရိုပါလိဂ်မှာလည်း အောင်မြင်မှုရရှိထားတဲ့အသင်းဖြစ်ပြီး ခြောက်နှစ်တာကာလအတွင်းမှာ ယူရိုပါလိဂ်ဖလား လေးကြိမ်ဆွတ်ခူးနိုင်ရေးအတွက်လည်း မျှော်လင့်ထားတာဖြစ်ပါတယ်။ မိုရက်တာဟာ ၂၀၁၇ ခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ရီးယဲလ်မက်ဒရစ်အသင်းကချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၅၈ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာတော့ ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်ပိုင်းမှာ ဂိုးပေါက်ပျောက်နေဆဲဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းကတော့ မိုရက်တာကို အသင်းကနေထွက်ခွာခွင့်ပြုဖို့ ဆန္ဒမရှိဘူးလို့ဆိုပါတယ်။ မိုရက်တာဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ၇၂ ပွဲ ကစားအပြီးမှာ ၂၄ ဂိုး အထိ သွင်းယူပေးထားနိုင်ခဲ့ပါတယ်။

## ရီးယဲလ်မက်ဒရစ်အသင်းက အဲရစ်ဆင်ကိုခေါ်ယူဖို့ပေါင်သန်း၁၀၀ အထိပေးဖို့ပြင်ဆင်နေ

ရီးယဲလ်မက်ဒရစ်အသင်းဟာ စပါးအသင်းမှ ဒိန်းမတ်ကွင်းလယ်တိုက်စစ်ကစားသမား အဲရစ်ဆင်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀ အထိပေးပြီး ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။ ဥရောပချန်ပီယံရီးယဲလ်မက်ဒရစ် အသင်းဟာ လက်ရှိမှာ ရလဒ်ကောင်းတစ်ခုအတွက် ရုန်းကန်နေရတာကြောင့် စပါးကွင်းလယ် တိုက်စစ်ကစားသမား အဲရစ်ဆင် ဒါမှမဟုတ် ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက် တို့အနက် တစ်ဦးကို ခေါ်ယူဖို့ ပြင်ဆင်နေတာလည်း ဖြစ်ပါတယ်။ ဘာစီလိုနာ အသင်းကလည်းတိုက်စစ်မှူး ကော်တင်ဟိုကို မခေါ်ယူခင်က အဲရစ်ဆင်ကို ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့ပေမယ့် လက်ရှိမှာတော့ ဘာစီလိုနာအသင်းက ခေါ်ယူတော့မှာ မဟုတ်လို့ အဲရစ်ဆင်ကို ရရှိဖို့အတွက် ရီးယဲလ်မက်ဒရစ်အသင်းဟာ အခက် အခဲ မရှိသလောက် အနေအထားကိုရောက်ရှိနေခဲ့ပါတယ်။ အဲရစ်ဆင်ကို တစ်ပတ်လုပ်ခ လစာ ပေါင်နှစ်သိန်းကနေ နှစ်သိန်းခွဲ အထိ ပေးပြီး ခေါ်ယူဖို့ ကမ်းလှမ်းထားခဲ့ပေမယ့် အဲရစ်ဆင်ကတော့ စပါး အသင်းနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးနေတယ်လို့ ဆိုပါတယ်။ အဲဒါဟာ ကစား သမားကိုယ်တိုင်က သူ့ရဲ့ဘဝမှာ ငွေကြေး နောက်မလိုက်ဘူးဆိုတာကို သက်သေ ပြလိုက်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

## ဂိုးသွင်းခြေကျနေမှုကိုကုစားဖို့ ကာဗာနီ၊ ဟီဂူအင်နဲ့ ဝီလ်ဆင်တို့ကို ပစ်မှတ်ထားနေတဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းဟာ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်နိမ့်ကျနေပြီး ဂိုးသွင်းခြေကျနေတာကြောင့် အဲဒီပြဿနာကိုဖြေရှင်းဖို့ အခုဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ တိုက်စစ်ကစားသမားတစ်ဦးကို ခေါ်ယူဖို့ပြင်ဆင်နေပါတယ်။ လက်ရှိအချိန်မှာ ကာဗာနီ၊ ဟီဂူအင်နဲ့ ဝီလ်ဆင်တို့ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။ ပက်ဒရိုနဲ့ ဂျရူးတို့ ဒဏ်ရာပြဿနာနဲ့ကြုံတွေ့နေချိန်မှာ မိုရက်တာနဲ့ ဟာဇက်တို့ကလည်း ဂိုး သွင်းစွမ်းရည်ကျဆင်းနေတာဖြစ်ပါတယ်။ ကာဗာနီဟာ ပီအက်စ်ဂျီ အသင်းနဲ့ ၁၆၂ ပွဲကစားပေးပြီး မှာ ၁၈၃ ဂိုး သွင်းယူထားကာ အခုနှစ်ဘောလုံးရာသီ မှာလည်း ၁၈ ပွဲမှာ ၁၃ ဂိုးအထိ သွင်းယူထားပါတယ်။ ဒါကြောင့် ချယ်လ်ဆီးအသင်းက ကာဗာနီ ကို ပေါင်သန်း ၅၀ နဲ့ ကမ်းလှမ်းထား တာဖြစ်ပါတယ်။ ချယ်လ်ဆီးနည်းပြ ဆာရီဟာ ၂၀၁၅-၂၀၁၆ ရာသီမှာ နာပိုလီ နည်းပြဘဝနဲ့ ဟီဂူအင်နဲ့ လက်တွဲ ခဲ့ပါတယ်။ အဲဒီမှာ ဟီဂူအင်ရဲ့ခြေစွမ်းပိုင်း ကို သိခဲ့ရတာမို့ပြန်လည် လက်တွဲရန် စီစဉ်နေတာဖြစ်ပြီး ပေါင် ၇၅ သန်းအထိကုန်ကျ လိမ့် မယ်လို့လည်းဆိုပါတယ်။ လက်ရှိမှာတော့ ဟီဂူအင် ဟာအေစီမီလန်အသင်းမှာ ကစားနေတာ ဖြစ်ပါတယ်။ ချယ်လ်ဆီးဟာကာဗာနီနဲ့ ဟီဂူအင် အပြင် ဝီလ်ဆင်ကိုလည်း ခေါ်ယူဖို့ ဘုန်းမောက် အသင်းနဲ့ချိတ်ဆက်မှုတွေပြုလုပ်နေပါတယ်။ ဘုန်းမောက်ဟာ လီဗာပူးတိုက်စစ်မှူး ဆိုလန်ကီကို ပေါင် ၁၉ သန်းနဲ့ခေါ်ယူခဲ့တာကြောင့် ဝီလ်ဆင်ကို ထွက်ခွင့်ပြုမယ်လို့ ချယ်လ်ဆီးက ယုံကြည်ထားတာ ဖြစ်ပါတယ်။





# ပူဇော်ပန်းမို့လန်းဆန်းသည်

ညိုညိုယဉ်(ဒိုက်ဦး)

## ပူဇော်ပန်း

အမည်က ပူဇော်ပန်းတဲ့။

မဂ္ဂဇင်းတစ်စောင်၏အမည်ပါ။

တိတိကျကျရေးရလျှင် ဒိုက်ဦးမြို့၊ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲအမှတ်တရ လက်ဆောင်အဖြစ် ထုတ်ဝေခဲ့သော မဂ္ဂဇင်းဖြစ်ပါသည်။

## ဒိုက်ဦးသူ

ဒိုက်ဦးသူ ကျွန်မအနေနှင့်ဒိုက်ဦးမြို့သို့ ပြန်မရောက်တာ အတော်ကြာပါပြီ။

ဒိုက်ဦး အထက (၁) ကျောင်းသူဟောင်းဖြစ်သည်မို့ နှစ်စဉ်ကျင်းပသော အာစရိယပူဇော်ပွဲသို့ တက်ရောက်သင့်တာအမှန်ပါ။ ပွဲတက်ချင်သောစိတ်တွေ ကိန်းအောင်းပြီး အဝေးကလွမ်းနေခဲ့ရတာကြာပါပြီ။

ငယ်စဉ်ဘဝက ပညာသင်ပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးတွေကို ထာဝရလွမ်းဆွတ်ပြီး ကျေးဇူးတရားတွေကို အောက်မေ့နေသည်မှာလည်း အစစ်အမှန်ပါပဲ။

သို့သော်ငြားအပြောင်းအလဲဘဝ။ ငယ်ရာမှပျို။ ကိုယ့်ဘဝနှင့် ကိုယ်အိမ်ထောင်သည်ဘဝ။ အိမ်ဦးနတ်နှင့် ဝန်ထမ်းဘဝမှာ နယ်တကာအစုံ တာဝန်ထမ်းရင်း ဒေသအစုံသွားနေရသူ။ သားတွေ၊ မြေးတွေနှင့် အိမ်ထောင့်တာဝန် ကျေအောင်ထမ်းနေရသူ။ တစ်ရက်ကလေးမျှ သားကျွေးမှု၊ မြေးကျွေးမှု၊ အိမ်ဦးနတ် ကျွေးမှု အစုစုတွေ၊ မီးဖိုချောင်အလုပ်တွေကလည်းရေးပြ၍ မကုန်အောင်၊ ကိုယ်ဝါသနာပါသော သစ်ခွပန်းကလေးတွေ ပြုစုငေးမောရတာတစ်ဖက်၊ ပန်းပျိုးသူ ရေကြည်ကြည်လောင်းသည့် အလုပ်ကတစ်သွယ်၊ ညဘက်မှာ ရုပ်သံအစီအစဉ်ကလာသော ကိုရီးယား အချစ်ဇာတ်လမ်းကလေးတွေငေးမော။ ဝါသနာပါသည့် ဝတ္ထုတိုကလေးတွေ ရေးချင်စိတ်နှင့်အချိန်လု၍ရေး။ ဘယ်နားသွားပြီးရေးရပါ့ စသည်စသည်ဖြင့်။ ဘဝအမောတွေလားရှင်။

"မအားလပ်နိုင်ပါပေသူငယ်ချင်းရေ" ဟု ဖုန်းဆက်မေးလာသူ ကျောင်းနေဖက်သူငယ်ချင်းတွေကို ပြန်ဖြေရတာအမော။ ပြော။ မပြောချင်တော့ပါဘူးရှင်။

ဒီလိုနှင့်၊ ဒီနှစ်တော့၊ ဘယ်လိုပဲမအားအား။ ရောက်အောင်သွားမည်ဟုအားခဲ၍ အိမ်ဦးနတ်ကို အိမ်စောင့်ထားပြီးဒိုက်ဦးအာစရိယပွဲသို့ မပျက်မကွက် ရောက်ခဲ့ပါပြီ။

## မဂ္ဂဇင်း စီစဉ်သူများစကား

ပူဇော်ပန်းမဂ္ဂဇင်း၊ အမှတ်(၂)၊ စီစဉ်သူများက မိုးနေ၊ ကေဇော်မိုးတို့အဖွဲ့။

အမြို့မြို့အနယ်နယ်မှာ အာစရိယပူဇော်ပွဲများ ကျင်းပကြသည်။ ဆရာကန်တော့ပွဲများရှိသည်။ဆရာကန်တော့ပွဲ၏ ရည်ရွယ်ချက်များကား မိမိတို့၏ လက်ဦးဆရာ၊ ငယ်ဆရာများကို ကိုယ်တိုင်ကိုယ်ကျ၊ ဦးနှိမ်ရိုကျိုး မြတ်နိုးကန်တော့လိုခြင်းအဓိကဖြစ်သည်။ ကမ္ဘာမှာမရှိ၊ မြန်မာမှာသာရှိသည်။

ငယ်သူငယ်ချင်းများ ပြန်လည်ဆုံတွေ့ရခြင်း၊ ပျော်ရွှင်ရခြင်း၊ မွမ်းကျပ်မှုများမှ ခဏတာလွတ်မြောက်ခြင်းလည်းပါသည်။ ဆရာ ဆရာမကြီးများအားစာပေဖြင့် ပူဇော်ခြင်း၊ မိမိပူဇော်လိုသည့် အချက်အလက်များအား စာနှင့်ပေနှင့် အမှတ်တရကျန်နေရစ်စေခဲ့ခြင်းတို့ဖြစ်သည်။

မဂ္ဂဇင်းကော်မတီ၏ အမြင့်ဆုံးရည်ရွယ်ချက်မှာ ဆရာကြီး၊ ဆရာမကြီးများအား မဂ္ဂဇင်း တစ်ယောက်တစ်အုပ်စီ ပူဇော်ကန်တော့နိုင်ခြင်းဖြစ်သလို အပူဇော်ခံဆရာကြီး၊ ဆရာမကြီးအနေနှင့်လည်း ဘယ်နှကြိမ်မြောက် ပူဇော်ပွဲမဂ္ဂဇင်း (ပူဇော်ပန်း)လေးလေဟု နှစ်သက်မြတ်နိုး ပီတိဖြစ်နေကြမည် ထင်ပါသည်။ ကျေနပ်သည်ဟု စီစဉ်သူများက ယုံကြည်ကြသည်။ ယုံကြည်ကြသူတွေထဲမှာ စာရင်းကောက်လျှင် ကျွန်မ ထိပ်ဆုံးကဖြစ်မည်ထင်သည်။

## မျက်နှာဖုံး

မဂ္ဂဇင်းမျက်နှာဖုံးကိုရှုပါ။

မိုးမခိုခင်ပွင့်တဲ့ ငွေပန်းလေးရယ်၊ မိုးထိလို့ ဖူးတဲ့ နှင်းဆီလေးရယ်၊ သူဆံနွယ်မှာ ငြိမ့်ငြိမ့်ညောင်းညောင်း၊ ကိုယ်ဟောင်းနေတာတွေအသစ်ဖြစ်သွား။ ထိုထိုသော အလှတရားမှာဒီညနေလေးဖျားခဲ့ပေ့ါ။

LIFE OF LIFE, Han Min HtunArtist၊ ကဗျာမြတ်မင်းအိမ်ဟု သရုပ်ဖော်ဖွဲ့နွဲ့ထားပေသည်။ သူတို့ စီစဉ်သူတွေက ကဗျာဆန်လိုက်ကြတာနော်။

## ကျောင်းသမိုင်းအကျဉ်း

ဒိုက်ဦး အထက (၁)ရဲ့ သက်တမ်းအမှန်က (၁၉၄၅)၊ ကန်ဦး(အထက) က စတင်ရေတွက်မှသာ အမှန်။ အင်္ဂလိပ်အဆုတ် ဂျပန်အဝင်၊ ဂျပန်အဆုတ်၊ အင်္ဂလိပ်ပြန်အဝင် စစ်ဘေးစစ်ဒဏ်နှစ်ကြိမ်ခံခဲ့ရတဲ့ ဒိုက်ဦးမြို့လေးမှ ပညာရေးပြတ်တောက်နေလို့၊ မြို့မိမြို့ဖများနှင့် ပညာရေးလိုလားသူ ဆရာ၊ ဆရာမများက သင်ကြားရေးပစ္စည်းများကို ရသမျှစုဆောင်းပြီး ကန်ဦးကျောင်းတိုက်မှာ မူလတန်းလွန်ပညာရေးကျောင်း (SPPS) State Post Primary School ကိုစတင်တည်ထောင်ဖွင့်လှစ်သင်ကြားပေးခဲ့ကြရတာပါ။

မောင်သိန်းအောင် (နောင်တွင် ပဲခူးကောလိပ်ကျောင်းအုပ်ကြီး)၊ မောင်ဝင်းစိန်(ယခု ကန်ဦးဖောင်ဒေးရှင်း နာယကကြီး)၊ မောင်လှမြင့် (ဝဏ္ဏကျော်ထင်ဦးလှမြင့်၊ ကောင်းကင်မြေတိုင်း)၊ မောင်လှဖေ (ညွှန်မှူး၊ အကျဉ်း)၊ မောင်မောင်ငွေး (ရေနံ့ဝန်)၊ မောင်ဘဝင်း (ဗိုလ်မှူးဘဝင်း)၊ မောင်တင်မြင့် (ဗိုလ်မှူးကြီးတင်မြင့်)၊ မောင်စံအုန်းတင် (တိုင်းပညာရေးမှူး)၊ မောင်စိုးဝင်း (ယခု ကန်ဦးပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌကြီး)၊ ဆရာကြီးဦးကျော် (ကုန်သည်လမ်း)၊ မောင်အောင်ဆန်း (ဗိုလ်မှူးအောင်သွင်)၊ မောင်ထွန်းလှိုင် (ယခင်ဖောင်ဒေးရှင်းအတွင်းရေးမှူး)၊ မောင်တင်နု (ယခင်ဒိုက်ဦးမြို့နယ်အသင်းဥက္ကဋ္ဌ)၊ ဆရာကြီးဦးကြိုင် (စိုက်ပျိုးရေး)၊ ဆရာမကြီး ဒေါ်မြတ်ငြိမ်းနှင့် ဒေါ်ရီရီသန်း(ဖောင်ဒေးရှင်းဘဏ္ဍာရေးမှူး) တို့သည် ကန်ဦးကျောင်းသားဟောင်းကြီးများဖြစ်ကြပါသည်။

၂၀၂၀ ပြည့်နှစ်တွင် (၇၅) နှစ် စိန်ရတုတိုင်ခဲ့ပြီ၊ ကန်ဦး အထက နှင့် ဒိုက်ဦး အထက (၁)ဟာ တစ်ဆက်တည်းပါဟု မူ/အုပ်(ငြိမ်း)ဆရာဦးတင်ရှိန်က ပူဇော်ပန်းအမှတ် (၂) မဂ္ဂဇင်း(စာ-၁၃၅) တွင် ရေး၍ မော်ကွန်းထိုးခဲ့ပါသည်ရှင်။

## ကန်တော့ခံဆရာ၊ ဆရာမကြီးများ

